# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 4 August 2017 (၉၀၀၆)


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီ အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော်အနီးနှင့် မဟာမုနိဘုရားကြီးနယ်မြေ ဆန္ဒကျင်သပိတ်မှောက်မှုတွင်ပါဝင်သည့် ဦးဆောင်သံဃာတော်များအား သပိတ်စခန်းများဖယ်ရှားရေး ဩဝါဒပေး

**နေပြည်တော် ဩဂုတ် ၃**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီးနှင့် မန္တလေးမြို့ မဟာမုနိဘုရားကြီးနယ်မြေတို့၌ ဩဂုတ် ၂ ရက်က သပိတ်မှောက်ပွဲများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့တို့က သပိတ်မှောက်မှုတွင်ပါဝင်သည့် ဦးဆောင်သံဃာတော်များအား သပိတ်စခန်းများ ဖယ်ရှားရန် ဩဝါဒပေးခဲ့ကြောင်း သက်ဆိုင်ရာ မြို့နယ်သံဃနာယကအဖွဲ့များထံမှ သိရသည်။

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းဘုရား၌ ဩဂုတ် ၂ ရက်တွင် ဘုန်းကြီး ၁၀ ပါးနှင့် လူပုဂ္ဂိုလ် ၃၅ ဦးတို့က သပိတ်မှောက်မှုနှင့်ပတ်သက်၍ အဆိုပါသပိတ်မှောက်မှုတွင် ဦးဆောင်ပါဝင်ခဲ့သော ဦးပညာဝံသနှင့် ဦးကုသလ (ဦးသာသန ကျောင်း၊ ဗဟန်းမြို့နယ်)၊ ဦးဝိစိတ္တ (ပြည်တော်အေးကျောင်း၊ မအူပင်မြို့)၊ ဦးပညာသာရာဇောတိ (တလုပ်ပင်ကျောင်း၊ မအူပင်မြို့)တို့ကို ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့က သပိတ်စခန်းမပြုလုပ်ရန်နှင့် အမြန်ဆုံးဖယ်ရှားရန် ဩဝါဒပေးခဲ့ကြောင်း။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

## သီလဝါအထူးစီးပွားရေးဇုန် ဇုန် B အား ဆက်လက်အကောင်အထည်ဖော်လျက်ရှိ

### အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးပြီး ပတ်ဝန်းကျင်မထိခိုက်စေသည့် လုပ်ငန်းအမျိုးအစားများကို ရင်နှီးမြှုပ်နှံရန် ဦးစားပေးခွင့်ပြုလျက်ရှိ

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်နေသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း၏ ဇုန် B ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ သိရသည်။

လက်ရှိ သီလဝါအထူးစီးပွားရေး ဇုန် A နှင့် ဇုန် B Phase 1 အပါအဝင် ကုမ္ပဏီပေါင်း ၈၄ ခု လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး လာရောက်လုပ်ကိုင်လိုသော ကုမ္ပဏီများ၊ စက်ရုံများကို ဖိတ်ခေါ်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးပြီး ပတ်ဝန်းကျင်မထိခိုက်စေသည့်လုပ်ငန်းမျိုးကို ဦးစားပေးဖိတ်ခေါ်ကာ ခွင့်ပြုပေးလျက်ရှိကြောင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❂




**သီလဝါ အထူးစီးပွားရေးဇုန်ကို တွေ့ရစဉ်။**




# မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ်၃**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျပန်နိုင်ငံ NPO Asia Environmental Technology Promotion Institute မှ Executive Director, Mr. Akio Kawakami အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် NPO Asia Environmental Technology Promotion Institute ၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံ၌ပြုလုပ်မည့် 3rd Industrial Human Resources Development Symposium သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ရေးကိစ္စ၊ မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**





# ဖိလစ်ပိုင်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Eduardo E. Kapunan Jr. အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဖိလစ်ပိုင်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တရားစီရင်ရေးကျင့်ဝတ်များကို လိုက်နာကျင့်သုံးခြင်းဖြင့် မှန်ကန်မျှတစွာ ဆောင်ရွက်နိုင်ကြရမည်ဖြစ်

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုတရားသူကြီးချုပ်က တရားစီရင်ရေးလွတ်လပ်မှုသည် တရားဥပဒေစိုးမိုးရေးတွင် အခြေခံလိုအပ်ချက်ဖြစ်ပြီး မျှတသော တရားစီရင်မှု၏ အဓိကအာမခံချက်လည်းဖြစ်ကြောင်း၊ တရားသူကြီးတစ်ဦးချင်း အနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း တရားစီရင်ရေးလွတ်လပ်မှုကို ထိန်းသိမ်းရမည့်အပြင် တရားစီရင်ရေးလွတ်လပ်မှုရှိကြောင်းကိုလည်း စံနမူနာပြဖြစ်စေရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တရားစီရင်ရေးလုပ်ငန်းစဉ်များ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိရန်၊ တရားရုံးများ၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာရန်၊ တရားစီရင်ရေးကဏ္ဍ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိလာရန်အတွက် ဆောင်ရွက်သွားကြရန်နှင့် တရားရုံးလုပ်ငန်းဆောင်တာများအပေါ်တွင်လည်း ယထာဘူတကျကျ အကဲဖြတ်သုံးသပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ထို့ပြင် လွတ်လပ်မှု၊ သာတူညီမျှမှု၊ စွမ်းဆောင်ရည်နှင့် လုံ့လဝီရိယရှိမှု၊ သမာသမတ်ကျမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ဂုဏ်သိက္ခာရှိမှုတို့သည် တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များ၌ လိုအပ်သည့်အရည်အသွေး စံနှုန်းများဖြစ်ကြောင်း၊ ယင်းအရည်အသွေးစံနှုန်းများကို တရားစီရင်ရေး ကျင့်ဝတ်၏ အခြေခံမှုများအဖြစ်စံသတ်မှတ်ပြီး မြန်မာနိုင်ငံတရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်စာအုပ်ကို ထုတ်ပြန်ခဲ့ကြောင်း၊ ထိုသို့ထုတ်ပြန်လိုက်သည့် တရားစီရင်ရေး ကျင့်ဝတ်များကို တရားစီရင်ရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် လိုက်နာကျင့်သုံးခြင်းဖြင့် မှန်ကန်မျှတစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင်** ရာဇဝတ်အမှုပေါင်း ၇၅၄ မှု လက်ခံရရှိပြီး ၆၂၃ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၁၈၃ မှု လက်ခံရရှိပြီး ၉၈၈ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ထို့ပြင် စာချွန်တော်လျှောက်ထားမှု ၁၃၂ မှု လက်ခံရရှိပြီး ၉၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်များတွင်** ရာဇဝတ်အမှုပေါင်း ၂၉၆၉ မှု လက်ခံရရှိပြီး ၂၅၅၄ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၃၀၄၆ မှု လက်ခံရရှိပြီး ၂၄၈၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **ခရိုင်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၉၇၃၀ မှု လက်ခံရရှိပြီး ၈၃၂၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၆၆၇၀ မှု လက်ခံရရှိပြီး ၅၁၈၈ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မြို့နယ်တရားရုံးများတွင်** ရာဇဝတ်အမှုပေါင်း ၁၇၉၁၉၇ မှု လက်ခံရရှိပြီး ၁၆၉၀၆၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၄၅၆၉ မှု လက်ခံရရှိပြီး ၁၀၆၃၇ မှု စစ်ဆေးပြီးပြတ်ကြောင်း။

ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် **ကလေးသူငယ်တရားရုံး** (ရန်ကုန်နှင့်မန္တလေး)တွင် ကလေးသူငယ်ဥပဒေအရစွဲဆိုတင်ပို့သည့် အမှုပေါင်း ၂၀၃ မှု လက်ခံရရှိပြီး ၁၇၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **စည်ပင်သာယာတရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေး)တို့တွင် စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၁၁၄၆၃ မှု လက်ခံရရှိပြီး ၁၁၄၂၉ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ **မော်တော်ယာဉ်တရားရုံး** (နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေး)တို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၇၄၀၇၉ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း။

ထို့ကြောင့် တရားရုံးများကို အားကိုးအားထားပြုပြီး လာရောက်တိုင်တည်ဖြေရှင်းနေရသော ပြည်သူများ ကြုံတွေ့နေရသည့် မှုခင်းများကို တရားရုံးအဆင့်ဆင့်က တရားစီရင်ရေးလမ်းကြောင်းပေါ်မှ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်နှင့် အဂတိတရားများ မလိုက်စားဘဲ ဖြေရှင်းပေးနိုင်မှသာလျှင် ပြည်သူများ၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ တက်ရောက်ကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

စာပေ မြင့်မှ လူမျိုး တင့်မည်

# အပြန်အလှန်သတင်းဖလှယ်ရေး၊ ခရီးစဉ်ဖလှယ်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် တစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများအား တစ်နိုင်ငံက သိရှိတန်ဖိုးထားနိုင်ရေးအတွက် အပြန်အလှန်သတင်းဖလှယ်ရေး၊ ခရီးစဉ်ဖလှယ်ရေး အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# မန္တလေး-မူဆယ်လမ်း ယာဉ်ကြောပိတ်ဆို့ပါက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းနှင့် သစ်တောဥပဒေကြမ်း တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ **မန္တလေး-မူဆယ်လမ်း ယာဉ်ကြောပိတ်ဆို့မှုမရှိအောင် မည်ကဲ့သို့ဆောင်ရွက်ထားသည်။ မန္တလေး-မူဆယ်လမ်းကို နိုင်ငံတကာအဆင့်မီလမ်းဖြစ်အောင် ဆောင်ရွက်ရန်အစီအစဉ် ရှိ၊ မရှိနှင့် BOT စာချုပ်သက်တမ်း မည်မျှကျန်ရှိပြီး သက်တမ်းကုန်ဆုံးပါက ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မန္တလေး-လားရှိုး-မူဆယ်လမ်းတွင် ဂုတ်တွင်းနှင့်ရှုခင်းသာကွေ့ လမ်းကျဉ်းသောနေရာများအား လမ်းချဲ့ခြင်းနှင့်လမ်းခင်းခြင်း၊ ဂုတ်တွင်းအပိုင်းတွင် Stabilized ခင်း၍ AC လမ်းအဖြစ် ဆောင်ရွက်ခြင်း၊ ရှုခင်းသာအပိုင်းတွင် လမ်းအကျယ်ရပြီး ကွေ့နေရာများအား Stabilized နှင့် AC ခင်းခြင်း၊ ၄၈ ပေအကျယ်ရရှိပြီးသော မိုင်တိုင် ၂၃၈ (နမ့်ဖလွှန်းရွာတွင်းမှ ရှုခင်းသာဘက်ခြမ်း)သို့ Stabilized နှင့် AC ခင်းခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါလမ်းကို ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် လမ်းပိတ်ဆို့မှု အများဆုံးဖြစ်ပွားလေ့ရှိသော နောင်ချိုမြို့နယ် ဂုတ်တွင်းလမ်းပိုင်းအကြားတွင် တန် ၅၀ ကရိန်းတစ်စီးနှင့် မိုင်တိုင်(၂၂၂)ကွတ်ခိုင်တိုးလ်ဂိတ်တွင် ၂၅ တန် ကရိန်းတစ်စီးတို့အား အရန်သင့်ထားရှိပါကြောင်း၊ လမ်းပိတ်ဆို့မှုဖြစ်ပွားပါက နောင်ချိုတိုးလ်ဂိတ်နှင့် ကျောက်မဲတိုးလ်ဂိတ်တို့တွင် Information Center အဖြစ် LED ဆိုင်းဘုတ်များတပ်ဆင်၍ ခရီးသွားပြည်သူများအား အချိန်မီအသိပေးနိုင်ရေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ယာဉ်ကြောပိတ်ဆို့ပါက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အဆိုပါပြည်ထောင်စုလမ်းမကြီး ၂၉၈ မိုင် ၃ ဖာလုံကို လေးလမ်းသွားနိုင်လွှန် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်အတွက် မြို့တွင်းလမ်း ၇၃ မိုင် ၁ ဖာလုံကို ချန်လှပ်၍ ကျန်ရှိသော ၂၅၂ မိုင် ၂ ဖာလုံအား ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် Oriental Highway Co.,Ltd မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရာနှုန်းပြည့်ပြီးစီးရေး စီမံချက်ရေးဆွဲထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂုတ်တွင်းတံတားဆောက်လုပ်ရန်နှင့် နောင်ချိုမြို့ရှောင်လမ်းဖောက်လုပ်ရန်အတွက် မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးကိစ္စများကို ညှိနှိုင်းလျက်ရှိပါကြောင်း၊ ညှိနှိုင်းမှုပြီးစီးပါက ဂုတ်တွင်းတံတားစီမံကိန်းနှင့် နောင်ချိုမြို့ရှောင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို အမြန်စတင်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့သို့ဆောင်ရွက်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုအား လျော့နည်းစေမည်ဖြစ်ပါကြောင်း၊ မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းတွင် လမ်းပိုင်းအလိုက်စာချုပ်သက်တမ်းမှာ ကနဦးနှစ် ၄၀ ဖြစ်ပါကြောင်း၊ စာချုပ်သက်တမ်းကုန်ဆုံး၍ ထပ်မံတိုးမြှင့်လိုပါက တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် (၃)ကြိမ်တိုးမြှင့်နိုင်ပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈)ရက်မြောက်နေ့ ကျင်းပစဉ်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **နိုင်ငံတော်၏ စီမံကိန်းအသစ်များ၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုများပြုလုပ်ရာတွင် လိုအပ်ချက်များရှိသည့် ပန်းတောင်းမြို့နယ်အပါအဝင် အခြားဒေသများ၌ တူညီမျှတစွာဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပန်းတောင်းမြို့နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၆၉၅ သန်းနှင့် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေကျပ် ၂၆၈၆ သန်းတို့ဖြင့် စီမံကိန်းသစ်များဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ အဆိုပါလျာထားရန်ပုံငွေကျပ် ၃၃၈၁ သန်းဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥသျှစ်ပင်မြို့ အုပ်ချုပ်ရေးမှူးနေအိမ်တစ်လုံးနှင့် ပန်းတောင်းမြို့နယ် ရုံးခန်းများဆောက်လုပ်ခြင်းလုပ်ငန်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်အမှုတွဲခန်း ဆောက်လုပ်ခြင်းလုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုနှင့် အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခု၊ စက်မှုဝန်ကြီးဌာန အမှတ်(၂၃) အကြီးစားစက်ရုံမှ စက်နှင့် စက်ပစ္စည်းများတပ်ဆင်ခြင်းလုပ်ငန်း၊ အန္တရာယ်ရှိကျောင်းဆောင်များဖျက်သိမ်း၍ ကျောင်းအသစ် ကိုးကျောင်းဆောက်လုပ်ခြင်းလုပ်ငန်း၊ ဥပဓိရုပ်မကောင်းသော ကျောင်း တစ်ကျောင်းအသစ်ဆောက်လုပ်ခြင်းနှင့် ဆရာမများနေထိုင်ရန် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း၊ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း၊ ပန်းတောင်-တောင်ကုတ်နှင့် ကံမ-ပြည်လမ်းဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဆလိုင်းရီယန်းဗဲလ်၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်နှင့် ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာဦးမြင့်သိန်းတို့၏ အငြိမ်းစားပင်စင်လစာကို ၂၀၁၅ ခုနှစ် ဧပြီလ(၁)ရက်နေ့တွင် နောက်ဆုံးတိုးမြှင့်ခွင့်ပြုခဲ့သော ဝန်ထမ်းလစာနှုန်းဖြင့် ပြင်ဆင်တွက်ချက်တိုးမြှင့်ပေးရေး၊ ရိခေါဒါရ်မြို့တွင် ဘဏ်ငွေတိုက်ခွဲဖွင့်လှစ်ပေးရေး၊ မြို့ပြစီမံကိန်း၊ ကျေးရွာစီမံကိန်းများအားပွင့်လင်းမြင်သာစွာ ချပြရေး၊ ညောင်လေးပင်မြို့နှင့် ပြွန်တန်ဆာမြို့ မြို့ရှောင်လမ်းဖောက်လုပ်ပေးရေးဆိုင်ရာမေးခွန်းများကိုလည်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ဖြေကြားခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော "ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီက "သစ်တောဥပဒေကြမ်း"တင်သွင်းခြင်း၊ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း၏ **ပလက်ဝမြို့တွင် တိုင်းရင်းဆေးဌာနတစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချပေးရန်နှင့် အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ဆေးရုံ၊ ဆေးကုဌာနများကို တိုးချဲ့ဆောင်ရွက်ရာတွင် လိုအပ်သည့်မြေဧရိယာ၊ လူဦးရေသိပ်သည်းမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ဝန်ထမ်းများအတွက်လုံခြုံရေး၊ မြန်မာ့တိုင်းရင်းဆေးအား နယ်မြေခံလူထု၏ ယုံကြည်အားထားမှု၊ ပတ်ဝန်းကျင်၌ တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများတည်ရှိမှု၊ ဘတ်ဂျက်ခွင့်ပြုမှုအပေါ်မူတည်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြုံငုံစဉ်းစား၍ ဘတ်ဂျက်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလက်ဝမြို့ တိုင်းရင်းဆေးကုဌာန ဖွင့်လှစ်နိုင်ရန် လိုအပ်သည့်မြေနေရာအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုခဲ့ပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းရင်းဆေးကုဌာနနှင့် ဝန်ထမ်းအိမ်ရာတို့ကို ထည့်သွင်းလျာထား အဆိုပြုသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၏ **ပလက်ဝမြို့နယ် ဆမီးမြို့ပေါ် အားကစားကွင်းကို မြို့အဆင့်မီ အားကစားကွင်းအဖြစ် တည်ဆောက်ပေးရန်နှင့် စည်ပင်သာယာဈေး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆမီးမြို့ပေါ် အားကစားကွင်းအား မြို့အဆင့်မီ အားကစားကွင်းအဖြစ် တည်ဆောက်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးတိုင်းတာချက်များအရ အားကစားကွင်း ဖောက်လုပ်ဆောက်ရွက်ပေးနိုင်ရန် မရှိပါကြောင်း၊ အဆင့်မီအားကစားကွင်းဖောက်လုပ်ရန် လိုအပ်သည့် မြေအကျယ်အဝန်း(အလျား ပေ ၆၀၀ × အနံ ပေ ၄၀၀)ကို အားကစားနှင့် ကာယပညာဦးစီးဌာနပိုင်မြေအဖြစ် ဆောင်ရွက်ပေးပါက မြို့အဆင့်မီအားကစားကွင်းဖောက်လုပ်ဆောင်ရွက်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့၏ သက်ဆိုင်ရာဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဆမီးမြို့ စည်ပင်သာယာဈေးဆောက်လုပ်ရန် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ထားခြင်း မရှိပါကြောင်း ဖြေကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ဥပဒေကြမ်း**အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အတည်ပြုချက်ရယူ အတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက **၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း**အား လွှတ်တော်မှ အတည်ပြုပေးပါရန် အဆိုတင်သွင်းရာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်က ထောက်ခံဆွေးနွေးသည်။

**၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့က အကြံပြုဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်က** ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများသည် အစီရင်ခံစာပါ ခေါင်းစဉ်များအလိုက် ရရှိသောအချိန်ကာလအတွင်း အမြင့်မားဆုံးစွမ်းဆောင်နိုင်ခဲ့ကြသည်ဟု မိမိသုံးသပ်ရပါကြောင်း၊ ထို့ပြင် ကော်မတီဝင်များအနေဖြင့် မူလတာဝန်များအပြင် အလုပ်သမားရေးရာပြဿနာများ၊ အလုပ်ရှင်တို့၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက် စက်မှုဇုန်များရှိ စက်ရုံများနှင့် အလုပ်သမားသမဂ္ဂများထံ ကွင်းဆင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မူဝါဒပိုင်းနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ အလုပ်သမားဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး အခက်အခဲဖြစ်နေသော အလုပ်သမားများအား တွေ့ဆုံညှိနှိုင်းဖြေရှင်းပေးရခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် အဓိကထား အကြံပြုလိုသည်မှာ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီမှ တင်ပြထားသည့် **၂၀၁၂ ခုနှစ် အလုပ်သမား အငြင်းပွားမှုဖြေရှင်းရေးဥပဒေ**ကို အဖြစ်နိုင်ဆုံးနည်းလမ်းဖြင့် အတည်ပြုပေးရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

အမျိုးသားလွှတ်တော် **ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ**အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက အဆိုတင်သွင်းပြီး လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် **ပညာရေးမြှင့်တင်မှု ကော်မတီ၏ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းတို့က ကျောင်းစာကြည့်တိုက်များ တည်ထောင်ပေးရန် အပါအဝင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

**စာမျက်နှာ ၈ သို့ »»**

❖ **ရွှေတိဂုံစေတီတော်မှ**

အလားတူ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီး နယ်မြေအနောက် ၄၅ တာ၊ သာသနာ ၂၅၀၀ ဗိမာန်ဝင်းအတွင်း၌ ဩဂုတ် ၂ ရက်တွင် ဘုန်းကြီး ၁၅ ပါးခန့်နှင့် လူပုဂ္ဂိုလ် ၅၀ ခန့်တို့က သပိတ်မှောက်မှုနှင့် ပတ်သက်၍ ဦးဆောင်ပါဝင်ခဲ့သော ဦးအဂ္ဂဓဇ (တောင်သာလေးဆရာတော်၊ အောင်သာကျောင်း၊ မိတ္ထီလာမြို့)နှင့် ဦးစန္ဒာသီရိ (ဓမ္မရက္ခိတကျောင်း၊ ပုသိမ်ကြီးမြို့နယ်)တို့အား ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့က မဟာမုနိဘုရားကြီး နယ်မြေတွင် သပိတ်စခန်းဖွင့်လှစ်နေခြင်းသည် သင့်လျော်ခြင်းမရှိသဖြင့် ဖယ်ရှားပေးရန် မဟာမုနိဂေါပကအဖွဲ့က မိမိတို့ထံ တင်ပြလျှောက်ထားခဲ့ပါကြောင်း၊ သို့ဖြစ်၍ မဟာမုနိဘုရားကြီး နယ်မြေတွင် ဖွင့်လှစ်ထားသော သပိတ်စခန်းအား ဖယ်ရှားပေးရန် ဩဝါဒပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရာသီတုပ်ကွေးရောဂါ အသိပညာပေး ဟောပြော

**ရေး ဩဂုတ် ၃**

မွန်ပြည်နယ် ရေးမြို့ အောင်မေတ္တာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၃ ရက် နံနက်၁၀ နာရီက ရပ်ကွက်နေပြည်သူများအား ရာသီတုပ်ကွေး (H1 N1) ရောဂါဖြစ်ပွားသည့် ရောဂါလက္ခဏာအခြေနေများ ရှောင်ရန်ဆောင်ရန်သတိပြုနေထိုင်နိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဆရာဝန်များအဖွဲ့ဝင်တို့က အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်း (ရေး)**

## ဆင်းသုခမျိုးစေ့ထုတ် မျိုးသန့်စပါးစိုက်ပျိုး

**ပဲခူး ဩဂုတ် ၃**

မြန်မာဆယ်မာအူးလ်အွန်ဒုန်စီမံကိန်း Koica ၏ ကူညီမှုဖြင့် အစုအဖွဲ့အလိုက် ဆင်းသုခ မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း ခုနစ်ဧကစိုက်ပျိုးလုပ်ကိုင်ခြင်းကို ပဲခူးမြို့နယ် ပြည်တော်သာကျေးရွာနှင့် ထားဝယ်အင်းကျေးရွာတို့တွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်ထိ စိုက်ပျိုးနေမှု အခြေအနေများနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမြင့်၊ ခရိုင်ဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဗန်ကောက်မြို့ မြန်မာသံရုံးအဆောက်အအုံသစ် ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးအဆောက်အအုံသစ် တရားဝင်ဖွင့်လှစ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် အဆောက်အုံသစ်တည်ရှိရာ အမှတ် (၁၁၀) မြောက်ဆာထွန်လမ်း၌ကျင်းပသည်။




သံရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဆတ်ဒီဖူထရာကူးလ်၊ ထိုင်းနိုင်ငံအစိုးရမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့် အရာရှိကြီးများ၊ ဗန်ကောက်မြို့ရှိ ပြည်ပသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဆတ်ဒီဖူထရာကူးလ်နှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းတို့က မြန်မာသံရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီးနောက် သံရုံးအဆောက်အအုံသစ်၏ ဆိုင်းဘုတ်ကိုအမွှေးနံ့သာများဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗီရာဆတ်ဒီ ဖူထရာကူးလ်တို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြသည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ၁၉၄၈ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် သံတမန်အဆက်အသွယ် စတင်ထူထောင်ခဲ့ပြီး ယင်းနေ့မှာပင် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ ယခုဖွင့်လှစ်သည့် နိုင်ငံတော်ပိုင်သံရုံးအဆောက်အအုံသစ်သည် ငါးထပ်အဆောက်အအုံဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စတင်ခဲ့ရာ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်တွင် တည်ဆောက်မှုလုပ်ငန်းများ အားလုံးပြီးစီးခဲ့သည်။ ထိုသို့ သံရုံးအဆောက်အအုံသစ်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် မြန်မာ သံရုံးအနေဖြင့် ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၏ ကောင်စစ်ရေးရာကိစ္စရပ်များကို ပိုမိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ ကိုယ်စားလှယ်များ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌တွေ့ဆုံ

**ချင်းမိုင် ဩဂုတ် ၃**

ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ်အဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) ကိုယ်စားလှယ်တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ရေးအတွက် လုပ်ငန်းကြိုတင်ညှိနှိုင်းသည့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ AmoraTapae Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဦးခင်ဇော်ဦးနှင့် PPWT အဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။

ဦးခင်ဇော်ဦးက “သာမန်အားဖြင့်ကြည့်ရင် ကျွန်တော်တို့တစ်တွေဟာ အဖွဲ့တစ်ဖွဲ့စီကပုဂ္ဂိုလ်တွေလို့ ယူဆစရာရှိပေမယ့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ဘောင်ထဲက ပြန်ကြည့်ရင် တစ်ဖွဲ့တည်းကလူတွေပါပဲ။ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ဖို့အတွက် တစ်ဖွဲ့တည်းက အတူတူလုပ်ကိုင် ဆောင်ရွက်ကြသူတွေဖြစ်ကြပါတယ်။ NCA အချိန်ဇယားအတိုင်းဆိုရင် ငြိမ်းချမ်းရေးညီလာခံက တစ်နှစ်ကို နှစ်ကြိမ်လုပ်ရမှာဖြစ်တဲ့အတွက်ကြောင့် ၂၀၁၇ ခုနှစ်အတွင်းမှာဆိုရင် လာမယ့် နိုဝင်ဘာ၊ ဒီဇင်ဘာလလောက်မှာ ပြန်လည် ကျင်းပရမှာဖြစ်ပါတယ်။ အရင် NCA စာချုပ်မူကြမ်းတုန်းက အတူတူပါဝင်ခဲ့ကြပြီးတော့ NCA စည်းဝိုင်းထဲဝင်ဖို့ ကျန်နေတဲ့သူတွေလည်း ဒီအထဲမှာ ပါဝင်လာအောင် ညှိနှိုင်းပြီး ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတာကို နည်းလမ်းရှာဖွေ လုပ်ဆောင်ရမယ့် ကိစ္စတွေလည်းရှိနေပါတယ်။”

“တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းသည်သာလျှင် အားလုံးအတွက် ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဓိကအရေးကြီးတဲ့ ယုံကြည်မှုတည်ဆောက်ခြင်းကို ဆောင်ရွက်ရင်းနဲ့ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် မြန်မြန်ဆန်ဆန်၊ လွယ်လွယ်ကူကူအောင်မြင်မယ်လို့ ယုံကြည်တဲ့အတွက် အခုလို တွေ့ဆုံပြီးတော့ ညှိနှိုင်းကြခြင်းပဲ ဖြစ်ပါတယ်။ ပြောစရာဆိုစရာရှိတာတွေကို သူ့အဖွဲ့ ကိုယ့်အဖွဲ့အမြင်မျိုးနဲ့ မဟုတ်ဘဲ အဖွဲ့အစည်းတစ်ခုတည်းကနေ အမြင်ခြင်းဖလှယ်ပြီး ဆွေးနွေးပေးပါ”ဟု ပြောကြားသည်။




ယနေ့အစည်းအဝေးတွင် လာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမတိုင်မီ ရလဒ်ကောင်းများ ထွက်ပေါ်လာရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ရေးအတွက် ဆွေးနွေးခြင်းနှင့် အထွေထွေကိစ္စရပ်များကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

PPWTအဖွဲ့ခေါင်းဆောင် ပဒိုစောကွယ်ထူးဝင်းက “ရှေ့ဆက်ပြီးတော့လည်း ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုပြီးတော့ အောင်မြင်လာနိုင်ဖို့အတွက် ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လည်သုံးသပ်တယ်။ ကျွန်တော်တို့ ပြန်သုံးသပ်တဲ့အရာတွေက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်မှာ အခြေခံရမယ့် ကိစ္စမျိုးဖြစ်တဲ့အတွက် (NCA) ကို ကျွန်တော်တို့ သုံးသပ်တယ်။ ပြင်ဆင်ဖို့အတွက် မဟုတ်ဘူး။ NCA ကို ကျွန်တော်တို့လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေမှာတောင် သုံးတဲ့ ဝေါဟာရအချို့နဲ့ နားလည်မှု တူညီရဲ့လားဆိုတဲ့ အပေါ်မှာ ပြန်သုံးသပ်တာ ဖြစ်ပါတယ်။ NCAကိုအခြေခံပြီး ငြိမ်းချမ်းရေးတည်ဆောက်တဲ့အခါမှာ NCA ပေါ်မှာပါတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ လိုအပ်တဲ့ဆောင်ရွက်မှုတွေ ဆောင်ရွက်နေတာပါ။ အထူးသဖြင့် လက်မှတ်ရေးထိုးထားတဲ့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့ထဲမှာ ပြန်လည်သုံးသပ်ဖို့နဲ့ ဆက်လက်ပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေမှာဦးဆောင်တဲ့ ဦးဆောင်ကော်မတီတွေကို တင်ပြမှာဖြစ်ပါတယ်။”

“ကျွန်တော်တို့ သုံးသပ်မှုတွေကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)ကို ပြန်တင်ပြီးရင် နိုင်ငံတော်အစိုးရ၊ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက တစ်ဆင့်ညှိနှိုင်းမှာပါ။ ကျွန်တော်တို့က NCA လက်မှတ်ထိုးတဲ့ အဖွဲ့မှာပါနေတဲ့ ငြိမ်းချမ်းရေးအသင်းဝင်ပါ။ ကျွန်တော်တို့ဆောင်ရွက်မှုကပိုမိုကောင်းမွန်တဲ့၊ ပိုမိုအောင်မြင်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခု ချမှတ်နိုင်ဖို့အတွက် ဖြစ်ပါတယ်။အခုအစည်းအဝေးက အလွတ်သဘောဆိုပေမယ့် လုပ်ငန်းပိုင်းအရ ဆုံးဖြတ်တဲ့ပွဲမဟုတ်ပေမယ့်လည်း နှစ်ဖက်အမြင်တွေကိုသုံးသပ်ပြီးတော့ ရှေ့ဆက်ပြီးလုပ်ငန်းအဆင့်ဆင့်အတိုင်းဆက်လက်အကောင်အထည်ဖော်ဖို့ ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့ကိစ္စကို ဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း တင်ပြချင်တဲ့ အစိတ်အပိုင်းအချို့နဲ့ အချက်အလက်တွေရှိပါတယ်”ဟု ပြောသည်။

ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ် ဦးလှမောင်ရွှေက “လော်ခီးလာမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) အနေနဲ့လည်း သုံးသပ်မှုတွေ လုပ်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ သူတို့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ကိုလည်း တင်ပြဖို့ရှိပါတယ်။ ကျွန်တော်တို့ဘက်ကလည်း အကြမ်းဖျင်းအားဖြင့် အချို့တင်ပြမှုတွေကိုညှိနှိုင်းတာပါပဲ။ အများကြီးဆွေးနွေးနိုင်တယ်။ ထင်တာထက်ပိုပြီးတော့ အပြုသဘောဆောင်တယ်။ နွေးနွေးထွေးထွေးလည်းရှိတဲ့အတွက် လာမယ့်ညီလာခံမှာ အောင်အောင်မြင်မြင်သွားနိုင်မယ်လို့ ကျွန်တော်တို့ဘက်က ယုံကြည်တယ်။ အခုကျွန်တော်တို့ စဉ်းစားတဲ့အထဲမှာအားလုံးနဲ့ပတ်သက်တဲ့ဆုံးဖြတ်တာမဟုတ်ပေမယ့် နှစ်ဖက် ခေါင်းဆောင်တွေကို ပြန်တင်ပြကြမှာပါ။ ကျွန်တော်တို့မြင်တာကတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလည်း လာမယ့်ကာလမှာ ချောချောမွေ့မွေ့လုပ်နိုင်မယ်လို့ မြင်ပါတယ်။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေ၊ လုပ်ငန်းကော်မတီတွေရဲ့ အတွင်းရေးမှူးအဖွဲ့အစည်းအဝေးတွေ လုပ်ပြီးရင်တော့ လာမယ့် ညီလာခံကို ကျွန်တော်တို့ဘက်က နိုဝင်ဘာလ အကုန်လောက် ဖြစ်နိုင်မယ်ဆိုပြီးဆောင်ရွက်နေတာကို တင်ပြခဲ့ပါတယ်”ဟု ပြောသည်။

ယနေ့ပြုလုပ်သည့်အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင်ကိုယ်စားလှယ်များအဖြစ် ဦးခင်ဇော်ဦး၊ ဦးအောင်ကြည်၊ ဦးအောင်စိုး၊ ဒေါက်တာမင်းဇော်ဦး၊ ဦးလှမောင်ရွှေနှင့် ဦးကျော်လင်းဦးတို့ တက်ရောက်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်လုပ်ငန်းအဖွဲ့ (PPWT) ကိုယ်စားလှယ်များအဖြစ် ပဒိုစောကွယ်ထူးဝင်း၊ဆလိုင်းထလာဟေး၊ ခွန်မြင့်ထွန်း၊ စောကျော်ညွှန့်၊ စိုင်းငင်း၊ စောစမ်ဒွန်း၊ ခွန်သောမတ်နှင့် ဆလိုင်းအောင်မြင့်တို့ တက်ရောက်သည်။

ငြိမ်းချမ်းရေးကော်မရှင် ကိုယ်စားလှယ်အဖွဲ့နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖယ်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့သည် ဩဂုတ် ၄ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ ဆက်လက်တွေ့ဆုံမည်ဖြစ်သည်။ ငြိမ်းချမ်းရေးကော်မရှင်သည် DPN အဖွဲ့နှင့် ဩဂုတ် ၅ ရက်နှင့် ၁၀ ရက်အကြားတွင် ရန်ကုန်၌ တရားဝင်တွေ့ဆုံမှုများ ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

# မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက အစိုးရအဖွဲ့သစ်စတင်တာဝန်ယူကတည်းက လူငယ်ရေးရာ မူဝါဒပေါ်ထွက်လာစေရေး မိမိတို့အနေဖြင့် ရက်(၁၀၀)စီမံချက်တွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မူဝါဒပေါ်ထွက်လာစေရေးအတွက် မူကြမ်းရေးဆွဲရေးကော်မတီလုပ်ငန်းကော်မတီနှင့် ဗဟိုကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းသော မူဝါဒဖြစ်ရေး လူငယ်များကိုယ်တိုင်ရေးဆွဲစေခဲ့ပြီး မူဝါဒပိုင်းဆိုင်ရာလိုအပ်ချက်များကို ဗဟိုကော်မတီက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် ပြည်သူ့အတွက်ရာနှုန်းပြည့်တာဝန်ယူရသော်လည်း ရာနှုန်းပြည့်လုပ်ကိုင်နိုင်ရေးအတွက်ကို ပေါင်းစပ်ဆောင်ရွက်မှုပြုရမှာဖြစ်ကြောင်း၊ မူဝါဒပေါ်ထွန်းလာပြီးနောက် အလွှာအသီးသီးက လူငယ်များပါဝင်နိုင်သည့် ရှေ့လုပ်ငန်းစဉ်များ၊ မဟာဗျူဟာများကို ဖော်ဆောင်သွားရမှာဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူငယ်တစ်ဦးချင်းစီက အသိဖြင့်ပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ယခုနှစ်နိုဝင်ဘာလအတွင်း ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြောင်းအလဲကို ဆောင်ရွက်ရာတွင် အကျိုးရှိသော အပြောင်းအလဲဖြစ်ရန် လိုအပ်ပါကြောင်း၊ မူဝါဒကို လက်တွေ့အသုံးချနိုင်ရန်လိုအပ်ကြောင်းနှင့် တစ်ကြိမ်တည်းဖြင့် တစ်သက်တာအတွက် အကောင်းဆုံးရေးဆွဲရန်မဖြစ်နိုင်ကြောင်း၊ လိုအပ်လျှင် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားနိုင်ကြောင်း၊ လူငယ်မူဝါဒရေးဆွဲရန် လုံလောက်သောအချိန်ရရှိပြီးဖြစ်၍ လူငယ်မူဝါဒအမြန်ဆုံး ပေါ်ထွန်းလာစေရေး ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ယင်းနောက် လူငယ်မူဝါဒရေးဆွဲရေး နည်းပညာအကြံပေးပုဂ္ဂိုလ်က လူငယ်မူဝါဒ တတိယမူဘောင်ကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဌာနဆိုင်ရာများမှ ပေးပို့လာသော သဘောထားအကြံပြုချက်များနှင့် ရေးဆွဲထားသည့် လူငယ်မူဝါဒကို တစ်ပုဒ်ချင်းဖတ်ကြားရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဗဟိုကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၀၅ ဦးတွင် H1N1 ပိုးတွေ့လူနာ ၁၁၀ ရှိပြီး အမျိုးသမီးလူနာတစ်ဦး ယမန်နေ့က ထပ်မံသေဆုံး

**နေပြည်တော် ဩဂုတ် ၃**

ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီအထိ H1N1 သံသယလူနာ ၂၁ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ၁၁ ဦး ထပ်မံတွေ့ရှိကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၃၀၅ ဦးရှိခဲ့ရာ ၎င်းတို့အနက် H1N1 ပိုးတွေ့လူနာ ၁၁၀ ရှိကြောင်း၊ ဩဂုတ် ၁ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စတင်တက်ရောက်ခဲ့သော အမျိုးသမီးလူနာတစ်ဦးသည် ယမန်နေ့က ထပ်မံသေဆုံးခဲ့ပြီး ယနေ့အထိ တစ်နိုင်ငံလုံး၌ စုစုပေါင်းသေဆုံးသူ ၁၄ ဦးရှိသဖြင့် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယနေ့ မွန်းလွဲ ၂ နာရီအထိ အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၂၆ ဦးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့ အတွင်းလူနာ ၃၇ ဦး၊ စုစုပေါင်း ၆၃ ဦး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ယနေ့အထိ ဆေးရုံတက်ရောက်ကုသရသော H1N1 ပိုးတွေ့ အတွင်းလူနာများအနက် ရောဂါပျောက်ကင်း၍ ဆေးရုံဆင်းလူနာ ၂၈ ဦးရှိခဲ့ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Flu Net Website တွင် ဖော်ပြထားချက်အရ မေ ၁ ရက်မှ ဇူလိုင် ၂၃ ရက်အထိ သုံးလခန့်ကာလအတွင်း ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm-09) ဖြစ်ပွားမှုမှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံတွင် ၃၀၆၈ ဦး၊ အိန္ဒိယနိုင်ငံတွင် ၃၁၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၅၆ ဦး၊ စင်ကာပူ နိုင်ငံတွင် ၈၀ ဦးနှင့် ထိုင်းနိုင်ငံတွင် ၅၉ ဦးတို့ ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပြီး ပုံမှန်အားဖြင့် အပူပိုင်းဒေသနိုင်ငံများ၌ တစ်နှစ်ပတ်လုံးဖြစ်ပွားလေ့ရှိသော ရောဂါဖြစ်သည်ဟု သိရကြောင်း။

ရာသီတုပ်ကွေးရောဂါ လက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါ လက္ခဏာများ ဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ဆေးကုသမှုခံယူခြင်းဖြင့် အသက်အန္တရာယ်ဆုံးရှုံးရမှုများကို ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများ၊ နေ့စဉ် ရောဂါဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Website (www.mohs.gov.mm)၊ Myanmar CDC facebook စာမျက်နှာ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**



## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၃**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိလေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေ နှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိ ဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ကိုင်းကြီး(မြို)ကျေးရွာသား ခြောက်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံး


**နေပြည်တော် ဩဂုတ် ၃**

မောင်တောမြို့နယ် ကိုင်းကြီး(မြို)ရွာအနောက်ဘက်၌ ယနေ့နံနက်ပိုင်းတွင် သေနတ်သံများကြားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ ကိုင်းကြီးကျေးရွာသား ခြောက်ဦး၏ အလောင်းများအား တွေ့ရှိခဲ့ရပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည့်အတွက် ဒေသခံများအား တိုက်ခိုက်ခဲ့သည့် အစွန်းရောက်အကြမ်းဖက်သမားများအား ပိတ်ဆို့ရှာဖွေလိုက်လံရှင်းလင်းလျက်ရှိကြောင်းသိရသည်။

အဆိုပါကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီခန့်က သေနတ်သံများကြားရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းခဲ့ရာ ယင်းကျေးရွာနေ မောင်ကုန်ဝိုင်း(၂၅)နှစ်၊ မောင်လင်းကြွတ်(၂၉)နှစ်တို့ နှစ်ဦးအား မှောက်လျက်အနေအထားဖြင့် သေဆုံးလျက်ရှိသည်ကို စတင်တွေ့ရှိခဲ့ကြောင်း။

ဆက်လက်၍ မောင်ကိုင်းမွေး(၂၅)နှစ်သည် ဦးခေါင်းနောက်စေ့နှင့် ခန္ဓာကိုယ်အနှံ့ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ထပ်မံတွေ့ရှိရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆက်လက်နယ်မြေရှင်းရာ မဆိန်ရာ(၃၈)နှစ်တွင် ပြတ်ရှဒဏ်ရာများဖြင့် လည်းကောင်း၊ မရီ(၂၇)နှစ်တွင် ပြတ်ရှဒဏ်ရာများနှင့် သေနတ်ရှပ်မှန်ဒဏ်ရာများဖြင့် လည်းကောင်း၊ မထီးကော်(၂၅)နှစ်တွင် သေနတ်ဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရပြီး အခြားရွာသားနှစ်ဦးမှာလည်း ပျောက်ဆုံးလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်းသိရသည်။



မောင်တောမြို့နယ် ကိုင်းကြီး(မြို)ကျေးရွာသား ခြောက်ဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံးသည့် နေရာပြမြေပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပျောက်ဆုံးလျက်ရှိသည့် မြို့တိုင်းရင်းသား နှစ်ဦးအား ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် အပြစ်မဲ့မြို့တိုင်းရင်းသားများအား အကြောင်းမဲ့ သတ်ဖြတ်သွားသည့် အစွန်းရောက်အကြမ်းဖက်သမားများအား ပိတ်ဆို့ရှာဖွေခြင်း၊ လိုက်လံရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**❂ ပထမအကြိမ်မှ**

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ အမျိုးသားလွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သီဟ၊ ပြည်သူ့လွှတ်တော်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးသူရထွန်းနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးရုံးမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာ့ကျောက်မျက်ရတနာနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာနေ့ အခမ်းအနားကို မဏိရတနာကျောက်စိမ်းခန်းမအတွင်း ဆက်လက်ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရုံးမူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းချုပ်အတွင်းရေးမှူး ဦးခင်ဇော်က မြန်မာ့ကျောက်မျက်ရတနာနေ့ ဂုဏ်ပြုသဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက ဂုဏ်ပြုခံပုဂ္ဂိုလ်များကို ဂုဏ်ပြုလွှာများပေးအပ်ပြီး နိုင်ငံတော်သို့ တန်ချိန် သုံးထောင်ကျော် ကျောက်စိမ်းတုံးလှူဒါန်းခဲ့သည့် Ruby Dragon & Gems ကုမ္ပဏီ၊ ဥရုရတနာကျောက်စိမ်းတောင်တံတား ဆောက်လုပ်လှူဒါန်းခဲ့သည့် ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီနှင့် နိုင်ငံတော်သို့ အလေးချိန် ၉၉ ဒသမ ၃၀ ကီလို ရှိသည့် ပယင်းတုံးကို လှူဒါန်းခဲ့သည့် အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီတို့ကို ထပ်ဆင့်ဂုဏ်ပြုလွှာများပေးအပ်သည်။

ယင်းနောက် အသင်းချုပ်ဥက္ကဋ္ဌ ဦးရုံးမူမိသားစုက မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ကျောက်စိမ်းပန်းပုရုပ်တု ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ခံရယူသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ မြန်မာ့ကျောက်မျက်ရတနာနေ့အထိမ်းအမှတ်ပြပွဲ၊ ပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်း၊ နိုင်ငံတော်သို့ ကျောက်စိမ်းနှင့် ကျောက်မျက်အများဆုံးတင်ပြရောင်းချခဲ့သည့် ကုမ္ပဏီများစာရင်း၊ အခွန်အများဆုံးထမ်းဆောင်ခဲ့သည့်ကုမ္ပဏီများစာရင်းနှင့် ငွေအပြည့်အဝပေးချေ၍ဝယ်ယူခဲ့သည့် ကုမ္ပဏီများစာရင်းတို့ကို ထုတ်ပြန်ကြေညာသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ မြန်မာ့ကျောက်မျက်ရတနာနေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပြီး (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**(သတင်းစဉ်)**

## Mr. Emilio De Miguel Calabia အား မြန်မာနိုင်ငံဆိုင်ရာ စပိန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Mr. Emilio De Miguel Calabia အား ဗန်ကောက်မြို့အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော စပိန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Mr. Emilio De Miguel Calabia ကို ၁၉၆၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ဥပဒေဘာသာရပ်ဘွဲ့ကို ရရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် စပိန်နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ယင်းနောက် စပိန်နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနအပါအဝင် ကင်မရွန်းနိုင်ငံ၊ ဘိုလီဗီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့ရှိ စပိန်သံရုံးများနှင့် ဖိလစ်ပိုင်နိုင်ငံရှိ စပိန်ကောင်စစ်ဝန်ချုပ်ရုံး၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် Mr. Emilio De Miguel Calabia သည် ထိုင်းနိုင်ငံဆိုင်ရာ စပိန်နိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**



## လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Panna Institute ၏ Chief Executive, ဦးဖေအောင်ဇင်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ကို ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေများနှင့် Panna Institute အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးဟောပြောပွဲများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

»» **စာမျက်နှာ ၅ မှ**

အမျိုးသားလွှတ်တော် **ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာ**အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီအဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၈) ရက်မြောက်နေ့ကို ဩဂုတ် ၄ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

**❂ ရှေ့ဖုံးမှ**

Myanmar-Japan Thilawa Development Ltd(MJTD) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်အနေဖြင့် အိမ်နီးချင်းနိုင်ငံများရှိ စီးပွားရေးဇုန်များနှင့် နှိုင်းယှဉ်ပါက အောင်မြင်မှုရရှိသည်ဟု ဆိုနိုင်သော အထူးစီးပွားရေးဇုန်တစ်ခုတွင်ပါဝင်နေပြီး ဇုန် B ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေကာ အခြေခံအဆောက်အအုံလုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများမှာ တစ်နှစ်ခန့်အကြာလာမည့် ၂၀၁၈ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ပြောသည်။

"ဇုန် B ဟာ လက်ရှိလုပ်ဆောင်နေဆဲဖြစ်ပြီး တစ်နှစ်အကြာမှာ အခြေခံအဆောက်အအုံပိုင်း ပြီးစီးနိုင်မှာ ဖြစ်ပါတယ်။ စီးပွားရေးဇုန်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်လို့ရပါတယ်။ ဒီအပိုင်းက လွယ်ကူပါတယ်။ ဒါပေမယ့် ကုမ္ပဏီဘယ်လောက်လာချင်လဲ၊ ဘယ်လောက်လာပြီး ရင်းနှီးမြှုပ်နှံချင်လဲက အဓိက ကျပါတယ်။ စီးပွားရေးဇုန်မှာ လာရောက်ရင်းနှီးမြှုပ်နှံချင်တယ်လို့ လာတယ်ဆိုရင် ဘာလုပ်ငန်းလုပ်မှာလဲ၊ ဘာစက်ရုံလုပ်မှာလဲလို့မေးတဲ့အခါ မစဉ်းစားရသေးဘူး၊ ပြီးမှ စဉ်းစားမယ်၊ မြေအရင်ဝယ်ထားမယ်ဆိုတာမျိုးကို ဒီမှာလုပ်ခွင့်ပေးဖို့အတွက် ငြင်းပါတယ်။ ဒုတိယအချက်အနေနဲ့ စဉ်းစားတာက မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးပြီးတော့ ပတ်ဝန်းကျင်ကို Environmental Impact ကို မထိခိုက်စေတဲ့ လုပ်ငန်းအမျိုးအစားကို ဦးစားပေးပြီး ပေးပါတယ်"ဟု အဆိုပါ တာဝန်ရှိသူက ရှင်းပြသည်။

လက်ရှိအနေအထားအရ သီလဝါအထူးစီးပွားရေးဇုန် SEZ တစ်ခုလုံးတွင် ဝန်ထမ်းအင်အား ၄၀၀၀ မှ ၅၀၀၀ နီးပါး အလုပ်လုပ်ကိုင်နေပြီး အမှန်တကယ် လုပ်ငန်းတိုးချဲ့မှုများ ထပ်မံဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်ပေါင်း ၃၀၀၀၀ မှ ၅၀၀၀၀ အထိ ပေးအပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်၏ ဇုန် A ကို ၂၀၁၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး သီလဝါ အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှု ပါမစ်ကို စတင်ထုတ်ပေးခဲ့သည်။ ၂၀၁၅ စက်တင်ဘာတွင် ဇုန် A တွင် လုပ်ငန်းလည်ပတ်မှုများ စတင်ဆောင်ရွက်ခဲ့ပြီး ဇုန် A သည် ဟက်တာ ၄၀၀ ခန့် ကုမ္ပဏီပေါင်း ၇၉ ခုခန့် လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ဆက်လက်၍ ယခုနှစ်အတွင်း ဇုန် B ၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီး ဇုန် A နှင့် ဇုန် B နှစ်ခုပေါင်းတွင် ကုမ္ပဏီပေါင်း ၈၄ ခုခန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ဇုန် B ဆက်လက်ဆောင်ရွက်မှုမှာ ဟက်တာ ၁၀၀ ခန့်တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အခြေခံအဆောက်အအုံပိုင်းဆိုင်ရာဆောင်ရွက်မှုမှာ ၂၀၁၈ ခုနှစ်တွင် ပြီးစီးမည်ဟု သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်ကို မြန်မာအစိုးရဘက်မှ ၅၁ ရာခိုင်နှုန်း၊ ဂျပန်အစိုးရဘက်မှ ၄၉ ရာခိုင်နှုန်း၊ မြန်မာအစိုးရဘက်တွင် အများပိုင်ကုမ္ပဏီနှင့် အများပြည်သူတစ်ဦးချင်းတို့၏ ထည့်ဝင်မှုများလည်းပါဝင်ပြီး ဂျပန်အစိုးရဘက်တွင် ဂျပန်အစိုးရကိုယ်စား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဂျပန်ကုမ္ပဏီများ ပါဝင်ကြကြောင်း သိရသည်။ အဆိုပါ သီလဝါအထူးစီးပွားရေးဇုန်၏ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာဖြစ်သော လျှပ်စစ်၊ လမ်း၊ ရေပေးဝေမှု၊ ရေစွန့်ပစ်မှု စသည်တို့ကို Myanmar-Japan Thilawa Development Ltd(MJTD)က ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(ဆုနှင်းလဲ့)**

## မြန်မာ့ကျောက်မျက်ရတနာနေ့နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၃**

မြန်မာ့ကျောက်မျက်ရတနာနေ့နှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ အစည်းအဝေးခန်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က မြန်မာနိုင်ငံသည် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ အစရှိသည့် ကျောက်မျက်ရတနာများ ပေါများစွာ ထွက်ရှိသည့်နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ယခင်က ကျောက်မျက်ရတနာနေ့ဟူ၍ သတ်သတ်မှတ်မှတ်ကျင်းပခဲ့ဖူးခြင်း မရှိသေးပါကြောင်း၊ ကျောက်မျက်ရတနာများ မထွက်ရှိသော်လည်း ကျောက်မျက်ဈေးကွက်ရှိသည့်နိုင်ငံများတွင် ကျောက်မျက်ရတနာနေ့ဆိုသည်ကို စည်ကားစွာ ကျင်းပလျက် ရှိနေကြကြောင်း၊ ကျောက်မျက်ရတနာများကို ဂုဏ်ပြုသည့်အနေဖြင့် ကျောက်မျက်ရတနာများထွက်ရှိသည့် မြန်မာနိုင်ငံ၌ ဩဂုတ်လ ၃ ရက်ကို ကျောက်မျက်ရတနာနေ့အဖြစ် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း စတင်တည်ထောင်သည့် ဩဂုတ်လ ၃ ရက်ကို အစွဲပြု၍ သတ်မှတ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်၊ အသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးသာထွန်းနှင့် ဦးမောင်မောင်ဆန်း၊ တွဲဖက်အတွင်းရေးမှူး ဦးလှစိုးဦးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## အတ္ထရံမြစ်ရေတိုးလာမှုကြောင့် ကျိုက်မရောမြို့နယ် ရေနစ်မြုပ်

**ကျိုက်မရော ဩဂုတ် ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အတ္ထရံမြစ်ရေမြင့်တက်လာခဲ့ပြီး ရပ်ကွက်/ကျေးရွာများအတွင်းသို့ ရေများဝင်ရောက်ခဲ့ကာ စပါးခင်းများရေနစ်မြုပ်၍ စာသင်ကျောင်းအချို့ပိတ်ထားကြောင်း သိရသည်။

မြစ်ရေတိုးလာမှုကြောင့် အောင်ဗလကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းနှင့် ချောင်းနှစ်ခွကျေးရွာအထက်တန်းကျောင်းတို့ ပိတ်ထားရပြီး မရင်းကုန်း၊ လမုခို၊ ချောင်းနှစ်ခွ၊ ကဒါ စသည့် မြစ်ကမ်းအနီးရှိကျေးရွာများသို့ ရေများဝင်ရောက်ကာ စပါးခင်း ဧက ၄၀၀ ကျော် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့တပ်မတော်မှ ပညာတော်သင်များ ဂျပန်နိုင်ငံ၌ လာရောက်ပညာသင်ကြားနေမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**
ဂျပန်နိုင်ငံ Nagaoka မြို့၌ အလုပ်သဘောချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Niigata ခရိုင် ဝန်ကြီး Mr. Yoneyama Ryu Ichi နှင့် Komeito ပါတီဥက္ကဋ္ဌ Mr. Natsuo YAMAGUCHI တို့က ယမန်နေ့ညနေပိုင်းတွင် Hotel New Otani ရှိ အစည်းအဝေးခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံပွဲများတွင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဂျပန်နိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှု၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများ ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေမှုနှင့် ပညာတော်သင်သင်တန်းသားများပိုမိုစေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဂျပန်-မြန်မာအသင်း ဥက္ကဋ္ဌ Mr. Hideo WATANABE က Hotel New Otani ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် Nagaoka မီးပန်းပွဲတော် ကျင်းပနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Nagaoka မြို့မှ Shinkansen ကျည်ဆန်ရထားဖြင့် ထွက်ခွာကြပြီး ဒေသစံတော်ချိန်နံနက် ၁၀ နာရီခွဲတွင် တိုကျိုဘူတာသို့ ရောက်ရှိကြသည်။

ယင်းနောက် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲပိုင်းတွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် (အငြိမ်းစား) ဗိုလ်ချုပ်ကြီး Shigeru IWASAKI က Hotel New Otani ၌ နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ် Admiral Katsu-toshi KAWANO နှင့် ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနရှိ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် အဆင့်အလိုက် အပြန်အလှန်ချစ်ကြည်ရေးခရီး လည်ပတ်ရေး၊ မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာ့တပ်မတော်မှ ပညာတော်သင်များ ဂျပန်နိုင်ငံ၌ လာရောက်ပညာသင်ကြားနေမှု အခြေအနေများကို ဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA က နိုင်ငံတော်ဧည့်ရိပ်သာ (State Guest House)၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# Forum on Myanmar Democratic Transition ၌ သတင်းရယူကြမည့် ပြည်တွင်း ပြည်ပမီဒီယာသမားများနှင့် လေ့လာသူအဖြစ်တက်ရောက်လိုသူများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၃**
Forum on Myanmar Democratic Transition ကို ဩဂုတ်၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC -II) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း ပြည်ပ သတင်းထောက်များနှင့် လေ့လာလိုသူများအဖြစ် တက်ရောက်လိုသူများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သတင်းအချက်အလက်ဌာနခွဲ (ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၄၁၂၁၈၇ ) (E-mail- iprd.rnd@gmail. com)နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ဖုန်း-၀၆၇-၄၁၂၁၂၆၊ ၄၁၂၁၂၅) (E-mail-myogyi.npe@gmail.com)တို့သို့ ဆက်သွယ်၍ (တက်ရောက်သတင်းရယူလိုခြင်း/ လေ့လာသူအဖြစ်တက်ရောက်လိုခြင်းဖော်ပြ၍) မှတ်ပုံတင်ခြင်းကို ဩဂုတ် ၈ ရက် ညနေ ၄ နာရီနောက်ဆုံးထားပေးပို့သွားရန်နှင့် လေ့လာသူအဖြစ် တက်ရောက်လိုသူ ၁၀၀ ကို လက်ခံသွားမည်ဖြစ်ပြီး တက်ရောက်ခွင့်ရရှိသူများအား MOI Webportal Myanmar Facebook တွင် ကြေညာပေးသွားမည်ဖြစ်သည်။

ဝင်ထွက်ခွင့်ကတ်ပြားများကို ဩဂုတ် ၉ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၃**
တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အဖွဲ့အား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဩဂုတ် ၃**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့တွင် မန္တလေး (MSSI) ကျောင်းမှ ဒေါ်သီတာစမ်း ဦးဆောင်သည့်ကျောင်းသား ကျောင်းသူ ၂၄ ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း ဦးဆောင်သည့် သင်တန်းသား သင်တန်းသူ ၃၃ ဦးနှင့် ဒဂုံတက္ကသိုလ် ဥပဒေပညာသင်ဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမိခင်စောအောင် ဦးဆောင်သည့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၂၂ ဦး စုစုပေါင်း ၂၇၉ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

## ❀ မိုင်ပေါင်း ၁၀၀၀ ကျော်မှ

အားကစားဝါသနာရှင်များက ကြိုဆိုဂုဏ်ပြုပြီး ခရီးစဉ်တစ်လျှောက်တွင်လည်း ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပရဟိတအသင်းများ၊ ဆိုင်ကယ်ချစ်သူ၊ စက်ဘီးချစ်သူအဖွဲ့များ၊ ဒေသခံပြည်သူများက ကူညီစောင့်ရှောက်ပေးကြသည်။

ယနေ့ညပိုင်းတွင် မန္တလေးမြို့ ဗထူးကွင်း၌ ညအိပ်ရပ်နားမည်ဖြစ်ကာ ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့သို့ ဆက်လက်လျှောက်မည်ဖြစ်သည်။

ပြင်ဦးလွင်အားကစားကွင်းမှ ဇွန် ၁၂ ရက် နံနက် ၇ နာရီက စတင်လမ်းလျှောက်ခဲ့သည့် အသက် (၄၆) နှစ်ရှိပြီဖြစ်သော ဦးကျော်ကျော်ဝင်း (ခ) ကိုစနေသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၅) ဖောင်းတော်ရွာတွင် နေထိုင်သူဖြစ်ပြီး ယခင်က စက်ဘီးစီးပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားတစ်ဦး ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

## ❒ မြန်မာ့လက်ရွေးစင်အသင်းမှ

မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့သူဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်နှင့်နည်းပြအဖွဲ့ဝင်များ၊ ကစားသမားအများစုမှာ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းတွင် ပါဝင်နေသောကြောင့် ယာယီနည်းပြများဖြစ်သည့် ဦးကျော်လွင်၊ ဦးစိုးမြတ်မင်းနှင့် ဦးစိုင်းမောင်မောင်ဦးတို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပြီး ဩဂုတ် ၂၉ ရက်တွင် မလေးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြ - ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ - ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် ဂိုး - ကျော်ဇင်ထက်(ရန်ကုန်)၊ သီဟစည်သူ(ရှမ်း)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ နောက်တန်း - ကျော်စွာလင်း၊ ကျော်ဇင်လွင်(မကွေး)၊ ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း(ရန်ကုန်)၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ အလယ်တန်း - ရန်အောင်ကျော်(ရန်ကုန်)၊ သီဟဇော်၊ မင်းမင်းသူ(ဧရာဝတီ)၊ ဇင်မင်းထွန်း၊ တင်ဝင်းအောင်၊ ချစ်စုမိုး(ရှမ်း)၊ စိုးမြတ်သူ (Southern)၊ သက်နိုင်(ရတနာပုံ)၊ ရှေ့တန်း - ကျော်ကိုကို(ရန်ကုန်)၊ ဒွေးကိုကိုချစ်(ရှမ်း)နှင့် ကောင်းဆက်နိုင်(ရန်ကုန်) တို့ပါဝင်ကြသည်။ **သတင်း-ရဲရင့်ရှိုင်း**

## ■ ဆီးဂိမ်းမှ

မြန်မာ ယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ-ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ- ဦးကြည်လွင်၊ ဦးဇော်ဝင်းထွန်း၊ ဦးမြင့်ကို၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ-ပိုပေါ့စကီး၊ ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ ဝေလင်းအောင်၊ နောက်တန်း-နန်းဝေမင်း၊ သီဟထက်အောင်၊ သောင်လျပ်ထျန်၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ အလယ်တန်း-ရဲရင့်ထွန်း၊ လှိုင်းဘိုဘို၊ မောင်မောင်လွင်၊ စည်သူအောင်၊ မောင်မောင်စိုး၊ ရန်နိုင်ဦး၊ ဇင်ဖြိုးအောင်၊ ရှိုင်းသူရ၊ ငြိမ်းချမ်းအောင်၊ ရှေ့တန်း-အောင်သူ၊ သန်းပိုင်၊ အောင်ကောင်းမာန်၊ ရွှေကိုတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၂ အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲအပြီးတွင် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းက သုံးဦးလျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် အစာအိမ်ရောဂါရှိနေသည့် မျိုးကိုထွန်းအပါအဝင် တောင်ပံကစားသမား ရန်ပိုင်စိုး၊ ကွင်းလယ်ကစားသမား ဇေယျာနိုင်တို့ကို လျှော့ချခဲ့ခြင်းဖြစ်သည်။ မျိုးကိုထွန်းသည် အာရှယူ-၂၃ ခြေစစ်ပွဲတွင် ပါဝင်ကစားခဲ့သော်လည်း ၎င်း၏ကျန်းမာရေးအခြေအနေမှာ သက်သာခြင်းမရှိဘဲ ပွဲကစားနိုင်သည့် ကြံ့ခိုင်မှုမျိုးမရှိသောကြောင့် ပဏာမလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ၂၃ ဦးဖြင့် အပြီးသတ်လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး အပြီးသတ်ကစားသမား ၂၀ ကို ယခုရက်ပိုင်းအတွင်း ထပ်မံရွေးချယ်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ဩဂုတ် ၄ ရက် (ယနေ့) တွင် နေပြည်တော်၌ကျင်းပမည့် ဆီးဂိမ်းအောင်နိုင်ရေးအလံအပ်နှင်းပွဲသို့ တက်ရောက်မည်ဖြစ်ပြီး နေပြည်တော်သို့ ရောက်ရှိ နေစဉ်ကာလအတွင်း နှစ်ရက်လေ့ကျင့်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အုပ်စု (က) ၌ မလေးရှား၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်းတို့နှင့် ကျရောက်နေပြီး အဖွင့်ပွဲအဖြစ် ဩဂုတ် ၁၄ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ တိုက်ရိုက်ရောက်ရှိသော ဈေးကွက်စစ်ဆေးခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

အမျိုးသားဆေးဝါးဥပဒေအရ အရေးယူခဲ့မှုအနေဖြင့် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင် အမှုပေါင်း ၉၉ မှု၊ ယခုနှစ် ဇွန်လအထိအမှုပေါင်း ၂၅ မှုရှိပြီး FDA ၏ အရေးယူမှုများမှာလည်း များစွာရှိနေပါကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည့် ဆေးဝါးအတု/စံမညီ/ပျက်စီး/ရောနှောဆေးဝါး/တရားမဝင်ဆေးဝါးတို့၏ အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလူထုပညာပေးပြပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပြပွဲတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ရုံးခွဲများနှင့် နှီးနွှယ်အဖွဲ့အစည်းများမှ ပြခန်း ၃၆ ခန်း၊ ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီများမှ ပြခန်းပေါင်း ၅၇ ခန်း ပြသခဲ့ကြောင်း သိရသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် နိုင်ငံအတွင်းသို့ ကုန်စည်ဝင်ပေါက်များဖြစ်သည့် မူဆယ်၊ မြဝတီ၊ မြိတ်၊ တမူး၊ တာချီလိတ်တို့တွင် စခန်းများထားရှိပြီး စစ်ဆေးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဆေးဝါးအတု၊ စံမညီဆေးဝါးများ၏ အန္တရာယ်ရှိပါကြောင်း အဆိုပါဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက ပြောသည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်က အစားအသောက်နှင့် ဆေးဝါးကုန်စည်စစ်ဆေးဖမ်းဆီးသည့် Operation Pangea IX ကို ပြီးခဲ့သည့်နှစ် မေ ၃၀ ရက်မှ ဇွန် ၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး Operation Pangea X ကို ယခုနှစ်တွင်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




ပြီးခဲ့သည့်နှစ် Operation Pangea ၏ဖော်ထုတ်မှုကြောင့် အမေရိကန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၂ သန်းဖိုး၊ ဗြိတိန်နိုင်ငံတွင် အမေရိကန်ဒေါ်လာသန်း၂၀ ဖိုးနှင့် မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာနှစ်သိန်းဖိုးရှိ တရားမဝင်ဆေးဝါးများ ရှာဖွေဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စားသုံးသူရေးရာ စသည့်အဖွဲ့အစည်းများဖြင့် အစာ၊ ဆေးဝါးကော်မတီများကို ဖွဲ့စည်းထားပြီး အဆိုပါ ကော်မတီသည် လိုင်စင်မရှိသည့် ဆေးဆိုင်များအား စစ်ဆေးအရေးယူခြင်း၊ အသိပညာပေးခြင်းနှင့် ဖမ်းဆီးအရေးယူခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

ထို့ပြင် ယခုနှစ်ကို ဈေးကွက်ကြပ်မတ် စစ်ဆေးခြင်းနှစ် (The Year of PMS )အဖြစ် သတ်မှတ်၍ ပြည်သူများထံ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ တိုက်ရိုက်ရောက်ရှိသော ဈေးကွက်စစ်ဆေးခြင်း လုပ်ငန်းများကို တစ်နိုင်ငံလုံးတွင် ပြည်သူများအပါအဝင်၊ ဌာနဆိုင်ရာများ၊ အစားအသောက်ဘေးအန္တရာယ်ကင်းရေးနှင့် စားသုံးသူကာကွယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရွှေလျှားဆေးအဖွဲ့ မောင်တောခရိုင်အတွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်

**မောင်တော ဩဂုတ် ၃**

မောင်တောခရိုင် မြောက်ပိုင်းကျေးရွာများဖြစ်သည့် ဖားဝပ်ချောင်းကျေးရွာအုပ်စုနှင့် ငန်းချောင်းကျေးရွာအုပ်စုများ၌ ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရွှေ့လျားဆေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း မောင်တောပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြို့ပေါ်နဲ့ကျေးလက် ကျန်းမာရေးစောင့်ရှောက်ကုသမှုကွာဟချက်မရှိအောင် အခုလို ကျေးရွာတွေအထိ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်ကုသပေးတာဖြစ်ပါတယ်"ဟုမောင်တောပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက ပြောကြားသည်။

"ကျွန်တော့်သား ခြေထောက်မှာ အနာပေါက်နေလို့ ဆေးလာယူတာပါ။ အခုလိုစေတနာနဲ့ လာရောက်ကုသပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်"ဟု ငန်းချောင်းကျေးရွာသားတစ်ဦးဖြစ်သည့် ဦးအီနုစ်က ပြောသည်။

ထို့အတူ ဖားဝပ်ချောင်းကျေးရွာအုပ်စုမှ အသက်(၇၅)နှစ်အရွယ် ဒေါ်ဦးသန္တာကလည်း "ခြေတွေလက်တွေညောင်းကိုက်နေလို့ ဆေးလာတောင်းတာပါ။ အခုလိုလာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

မောင်တောပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်း ဦးဆောင်သော ရွှေ့လျားဆေးအဖွဲ့သည် ဖားဝပ်ချောင်းကျေးရွာအုပ်စု၌ လူနာ ၂၈၃ ဦး၊ ငန်းချောင်းကျေးရွာအုပ်စု၌ လူနာ ၂၃၇ ဦးကို ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးခဲ့ကြောင်း ရွှေ့လျားဆေးအဖွဲ့သည် ပြီးခဲ့သည့်သီတင်းပတ်က မောင်တောခရိုင် တောင်ပိုင်းကျေးရွာများဖြစ်သည့် ကင်းချောင်းကျေးရွာနှင့် ကျောင်းတောင်ကျေးရွာများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်ကုသပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေဝမ်းစိုး၊ မျိုးသူဟိန်း**

# မန္တလေးမြို့တွင် မြေသားပြုပြင်ရာမှ ကျောက်စိမ်းများတွေ့ရှိသဖြင့် လာရောက်တူးဖော်နေမှုအား ရဲတပ်ဖွဲ့မှ လုံခြုံရေးယူကာ တားမြစ်

**မန္တလေး ဩဂုတ် ၃**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၃)လမ်း၊ (၈၅)လမ်းနှင့် (၈၆)လမ်းကြားတွင် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက လမ်းခင်းရန်မြေသားပြုပြင်ရာမှ ကျောက်စိမ်းများတွေ့ရှိသည်ဟုဆိုကာ လာရောက်တူးဖော်ကြသူများ ရှိခဲ့သဖြင့် ရဲတပ်ဖွဲ့မှလုံခြုံရေးယူကာ တားမြစ်ထားကြောင်း သိရသည်။

"ကျောက်စိမ်းတွေ့ရှိတဲ့နေရာကို ဩဂုတ် ၂ ရက် ည ၇ နာရီခန့်ကစပြီး ရဲတပ်ဖွဲ့ကလုံခြုံရေးယူထားတယ်။ အများသွားလာနေတဲ့လမ်းပေါ်မှာဖြစ်တဲ့အတွက် မတူးဖို့တားထားတယ်။ ဟိုအရင်က ကျောက်စိမ်းသားဖြစ်တဲ့အတွက် နှစ်ထောင်ရရ၊ တစ်ထောင်ရရလာတူးကြတာပါ"ဟု အမှတ်(၆)မြို့မရဲစခန်းမှူး ရဲအုပ်ခင်သန်းက ပြောသည်။

ယခုကျောက်စိမ်းများတွေ့ရှိသည့် ရပ်ကွက်မှာ ယခင်က ကျောက်စိမ်းလုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး လွန်ခဲ့သောနှစ်(၃၀)ခန့်က ကျောက်ဖြတ်ခုံရှိခဲ့ကြောင်း ၎င်းရပ်ကွက်နေပြည်သူများထံမှ သိရသည်။

"အခုကျောက်တွေတွေ့တဲ့နေရာက ကျောက်ဖြတ်တဲ့နေရာဟောင်းပါ။ အရင်က အဖိုးမတန်လို့လွှင့်ပစ်ခဲ့ပေမယ့် အခုချိန်မှာက အပွင့်၊ လွှာချပ်နဲ့ ပုတီးအဆင့်လုပ်လို့ရတဲ့အတွက် တန်ဖိုးကအသင့်အတင့်ရှိတဲ့အတွက် လာတူးတာပါ။ အခုတားမြစ်လိုက်ပြီဆိုတော့လည်း ဘယ်တတ်နိုင်မလဲ"ဟု ယင်းနေရာသို့လာရောက်တူးဖော်သူ အမျိုးသားတစ်ဦးက ပြောသည်။

အဆိုပါ နေရာအား မန္တလေးမြို့တော်စည်ပင်မှ လမ်းခင်းရန်အတွက် မြေကော်စက်ဖြင့် တူးဖော်နေစဉ် ဩဂုတ် ၂ ရက် နံနက်ပိုင်းမှစတင်ကာ ကျောက်များတွေ့ရှိသည်ဟုဆိုကာ လာရောက်တူးယူကြခြင်းဖြစ်ပြီး ယနေ့တွင် လမ်းခင်းကျောက်များ လာရောက်ချထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**







# ရသေ့တောင်မြို့နယ်၌ စက်လှေတစ်စင်းနှင့်အတူ လူငါးဦးနှင့် နွား ၁၈ ကောင် ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ထွန်းရဝေကျေးရွာချောင်းဆုံ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရေယာဉ်ဖြင့်လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့နံနက်ပိုင်းက လူငါးဦးနှင့် နွား ၁၈ ကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထွန်းရဝေကျေးရွာချောင်းဆုံ၌ ရေယာဉ်ဖြင့်လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့နံနက် ၁၀ နာရီက ဘူးသီးတောင်မြို့ဘက်သို့ မောင်းနှင်လာသည့် မသင်္ကာဖွယ်စက်လှေတစ်စင်းအား တွေ့ရှိသဖြင့် ရပ်တန့်စစ်ဆေးရာ စက်လှေပေါ်၌ ကျောက်တော်မြို့နယ်နေသူ ဦးဝင်းသန်းအပါအဝင် လူငါးဦးနှင့် နွား ၁၈ ကောင်တို့အား ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများအား အရေးကြီးကုန်စည် ပုဒ်မ ၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

ကြေးမုံ
ဩဂုတ် ၄၊ ၂၀၁၇

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၆ စီး၊ သွင်းကုန် ၅၇၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈ ဒသမ ၇၉၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈ ဒသမ ၈၄၆ သန်း)ခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးကျပ် ၁၇၇ ဒသမ ၆၄၄သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဩဂုတ် ၂ ရက်တွင် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး လားရှိုးနှင့်ရေပူကြား ရပ်တန့်ထားသော မော်တော်ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က လိုက်လံစစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ်(၁၉၁) မိုင် ခုနစ်ဖာလုံ ပန်ဖက်ကျေးရွာအနီး၌ တွဲကား ၂၂ ဘီးယာဉ်တစ်စီး ရပ်တန့်ထားသည်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက် အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ပိတောက်သစ်လုံး ၁၈ လုံး(၃ ဒသမ ၄၅၅၂ တန်)၊ ပိတောက်ခားရွေ ၆၃ တုံး (၆ ဒသမ ၃၈၆၈ တန်)နှင့်



**တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ပိတောက်သစ်လုံး၊ ပိတောက်ခားရွေနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်။**

ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၇ ဒသမ ၇၉၈ သန်းခန့်) ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ခန့် သိမ်းဆည်းရမိ

**ရမည်းသင်း ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိုးထိမိုးမိဒေသ နှာဘူးတောင် စစ်ဆေးရေးဂိတ်တွင် ဩဂုတ် ၂ ရက် ည ၇ နာရီခန့်က WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများကို မိုးထိမိုးမိဒေသ နှာဘူးတောင်စစ်ဆေးရေးဂိတ်တွင် တာဝန်ကျနေသော ရဲတပ်ကြပ်ထွန်းထွန်းဦး၊ နေမျိုးဦးနှင့် ရဲတပ်သားမိုးကျော်၊ ရွှေမိုးယံရွှေသတ္တုတူးဖော်ရေးကုမ္ပဏီ လုံခြုံရေးဝန်ထမ်း ဦးသဲမောင်နှင့်ဦးခင်မောင်စော၊ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလုံခြုံရေးဝန်ထမ်းတို့သည် ဂိတ်တွင်စစ်ဆေးရေးဆောင်ရွက်ရာ ဆိုင်ကယ်နှစ်စီးဖြင့် အမျိုးသားလေးဦး စီးနင်းလာသည်ကို တွေ့ရှိသဖြင့် ဆိုင်ကယ်များကိုစစ်ဆေးရာ ရှေ့ဆုံးမှ 50w/----အပြာရောင်ဆိုင်ကယ် စီးနင်းသူ ရှမ်းလေး(ရှမ်းပြည်နယ်နေသူ)အား စစ်ဆေးနေစဉ် ၎င်းနှင့်လိုက်ပါလာသော အမျိုးသားမှာထွက်ပြေးသွားပြီး နောက်မှလိုက်လာသည့်ဆိုင်ကယ်မှာလည်း နောက်သို့ပြန်လှည့်ထွက်ပြေးသွားကြောင်း သိရသည်။

ရှမ်းလေးစီးလာသည့်ဆိုင်ကယ်အား သက်သေများနှင့်အတူ တူးဘောက်အား စစ်ဆေးရာ တိပ်ဖြင့်စနစ်တကျထုပ်ပိုးထားသည့် မသင်္ကာဖွယ်ရာ အထုပ်ကြီးလေးထုပ်တွေ့ရှိပြီး ဖွင့်ဖောက်စစ်ဆေးရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆၀၀ နှင့် WY စာတန်းပါအစိမ်းရောင် ဆေးပြား ၄၀၀ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

❒



**လီကျားချိန်နှင့် လီဖူးကွေးတို့ကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၃**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁ ရက်က ဗန်းမော်မြို့နယ် မံရွတ်ကျေးရွာ ဗန်းမော်-မံစီသွားကားလမ်း တံတားအနီးတွင် အောင်သင်းမောင်းနှင်ပြီး ဇနီးဖြစ်သူ မချိုတင့်(ခ)မအေးစီနှင့် အောင်မင်းစိုးတို့လိုက်ပါလာသည့် မော်တော်ယာဉ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၀ ကိုလည်းကောင်း၊ ထို့အတူ ဩဂုတ် ၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်-မန္တလေး ပြည်ထောင်စုကားလမ်း နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)အနီးတွင် လီကျားချိန်မောင်းနှင်ပြီး လီဖူးကွေးလိုက်ပါလာသည့် မော်တော်ယာဉ်အား ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၅၇၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့်လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းတွင်းမြစ်ရေအကျမြန်၍ ကုန်တင်ရေယာဉ် မြစ်ဘက်စောင်းတိမ်းမှောက်

**မုံရွာ ဩဂုတ် ၃**

တန်ချိန် ၃၀ ခန့်ရှိသော ဒီဇယ်ပီပါ အလုံး ၁၇၀ ခန့် တင်ဆောင်ထားသော ကုန်တင်ရေယာဉ်တစ်စင်းသည် ဩဂုတ် ၃ ရက် နံနက် ၄ နာရီခွဲခန့်က ကနီဆိပ်ကမ်းတွင် ရပ်နားထားစဉ် ချင်းတွင်းမြစ်ရေကျသည်မှာ မြန်သဖြင့် မြစ်ဘက်သို့တိမ်းမှောက်ရာ တင်ထားသော ဒီဇယ်ပီပါများ၊ ကုန်ပစ္စည်းများ နစ်မြုပ်သွားသဖြင့် ပြန်လည်ဆယ်ယူလျက်ရှိကြောင်း သိရသည်။



ရွှေပြည်စိုး ကုန်တင်ရေယာဉ် အသင်းမှ သိန်းထိုက်အောင် ကုန်တင်ရေယာဉ်သည် ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီခန့်က မုံရွာမြို့မှ နန့်တောသို့ ထွက်ခွာလာခြင်းဖြစ်ပြီး ည ၇ နာရီခွဲတွင် ကနီမြို့၌ ညအိပ်ရပ်နားစဉ် ချင်းတွင်းမြစ်ရေကျဆင်းမှုမြန်သောကြောင့် မြစ်ဘက်သို့ တစ်ခြမ်းစောင်း နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နစ်မြုပ်သွားသော ရေယာဉ်ပေါ်ပါ ပစ္စည်းများကို ကနီမြို့မရဲစခန်းမှူး ဒု-ရဲမှူးစိုးမြင့်နှင့်အဖွဲ့၊ ကနီမြို့နယ်မီးသတ်ဦးစီးမှူး ထိန်လင်းထွန်းနှင့်အဖွဲ့တို့က ကုန်းပေါ်သို့ပြန်လည်ဆယ်ယူလျက်ရှိပြီး ရေယာဉ်ပေါ်တွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့လိုက်ပါလာရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာ မိုင်းပေါက်ကွဲမှုဖြစ်စဉ်မှ မသင်္ကာသူသုံးဦး ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာ၌ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် ပေါက်ကွဲခဲ့မှုဖြစ်စဉ်မှ မသင်္ကာသူသုံးဦးတို့ကို ယင်းနေ့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာရှိ နေအိမ်တစ်လုံး၌ အကြမ်းဖက်သမားများ လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့် ဆက်စပ်သည့် မသင်္ကာသူ မဆူဖီယာ အပါအဝင်နှစ်ဦးနှင့် ဇာဘောတာမောက်တို့အား ယင်းနေ့တွင် ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြဝတီမြို့ လောင်းကစားဂိမ်းရုံအား ပူးပေါင်းအဖွဲ့က ဖမ်းဆီး

**မြဝတီ ဩဂုတ် ၃**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ရန်မျိုးနိုင်လမ်းရှိ ကျော်သူရ၏ ဂိုဒေါင်တွင် ငါးဖမ်းလောင်းကစားရုံ ဖွင့်လှစ်နေကြောင်း သတင်းအရ မြဝတီမြို့ရှိ ရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်ဖွဲ့၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများပါဝင်သော ပူးပေါင်းအဖွဲ့က မွန်းလွဲ ၁ နာရီတွင် ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထိုသို့ရှာဖွေရာ ဂိုဒေါင်အတွင်း ငါးဖမ်းလောင်းကစားဂိမ်းစက်ခြောက်လုံးနှင့်အတူ ဂိမ်းရုံပိုင်ရှင် ကျော်သူရ(၂၂)နှစ်နှင့်အတူ ပူးတွဲလုပ်ကိုင်နေသူများဖြစ်သည့် အောင်နိုင်ဦး(၂၁)နှစ်၊ အောင်ကျော်မြင့်(၁၇)နှစ်၊ သန်းမြင့်(၂၄)နှစ်တို့အား ဂိမ်းစက်များဘေးတွင် ကြီးကြပ်၍လည်းကောင်း၊ ဂိမ်းစက်များကစားရာတွင် ငွေကြေးအလျော်အစား ပြုလုပ်နေသူများဖြစ်သော မေလွင်ဦး (၂၁)နှစ် လွယ်ထားသည့် QGgER စာတန်းပါ အနက်ရောင် ဘေးလွယ်အိတ်အတွင်းမှ ငါးဖမ်းလောင်းကစားဂိမ်းစက်တွင် ပိုက်ဆံထည့်သည့် ဂိမ်းစက်သော့သုံးချောင်း၊ မြန်မာငွေကျပ်တစ်သိန်းခွဲတို့အားလည်းကောင်း၊ ကျော့ယမင်း(၁၉)နှစ် လွယ်ထားသည့် LADIZULO စာတန်းပါ အနက်ရောင်ဘေးလွယ်



အိတ်အတွင်းမှ ငါးဖမ်းလောင်းကစားဂိမ်းစက်တွင် ပိုက်ဆံထည့်သည့် ဂိမ်းစက်သော့သုံးချောင်း၊ မြန်မာငွေ ငွေကျပ် ၂၃၇၀၀၀ တို့အားလည်းကောင်း၊ ငါးဖမ်းဂိမ်းစက်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် သစ်သားကုလားထိုင် ၁၀ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၁၀ လုံးတို့အား သိမ်းဆည်းရမိ၍ သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ခြင်းဖြစ်သည်။

**(ထိန်လင်းအောင်)**

# နေမာကို ထွက်ခွာခွင့်ပြုလိုက်ပြီဟု ဘာစီလိုနာ အတည်ပြု

## ပီအက်စ်ဂျီတွင်တစ်နှစ် ပေါင်သန်း၄၀ကျော် နေမာ ရရှိမည်



နေမာသည် ဩဂုတ်၂ ရက်တွင် ပြုလုပ်ခဲ့သည့် ဘာစီလိုနာအသင်း လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ခြင်းမရှိသလို အသင်းမှ ထွက်ခွာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဘာစီလိုနာအသင်းက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

နေမာသည် ယူအေအီးမှ စပိန်သို့ ပြန်လာခဲ့သော်လည်း ဘာစီလိုနာမှ ထွက်ခွာချင်သည့် အကြောင်းကို လာရောက်အသိပေးခဲ့ခြင်းသာဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာအသင်းဖော်များက နေမာ၏ အပြုအမူကို အတော်လေး စိတ်ပျက်နေကြပြီး ဘာစီလိုနာတွင်သာ အောင်မြင်မှုကြီးကြီးမားမားရှာဖွေရန် တိုက်တွန်းခဲ့ကြသော်လည်း အခြေအနေမှာ နောက်ကြောင်းပြန်လှည့်လာခြင်းမရှိတော့ပေ။ ဘာစီလိုနာအသင်း၏ ကြေညာချက်တွင် "နေမာဂျူနီယာသည် သူ၏ ဖခင်၊ အေးဂျင့်တို့သည် ယခု နံနက်ပိုင်းတွင် ကလပ်အသင်းသို့ ရောက်ရှိလာပြီး အသင်းခန်းမတွင် ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ သူထွက်ခွာဖို့သာ ဆုံးဖြတ်ထားသည်ဟု အသိပေးခဲ့သည်။ ယခုလို အခြေအနေကို ကြုံတွေ့ရချိန်တွင် ကလပ်အသင်းဘက်ကလည်း ဆန္ဒရှိပါက ချုပ်ဆိုထားသော စာချုပ်ပါ ထွက်ခွာခွင့်အချက်အရ ယူရို ၂၂၂ သန်း (ပေါင် ၁၉၆သန်း) ပေးချေရမည်ဖြစ်သည်ဟု အသိပေးခဲ့သည်"ဟု ဖော်ပြပါရှိသည်။

ဘာစီလိုနာအသင်းသည် စာချုပ်သက်တမ်းတိုးမှုအတွက် ခံစားခွင့်အပိုဆုကြေးငွေ၊ နိုတြီလုပ်ထားသည့်စာရွက် စာတမ်းများကိုလည်း အပြောင်းအရွှေ့ကိစ္စအတည်ပြုပြီးမှသာ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။ ဘာစီလိုနာအသင်းခေါင်းဆောင် အင်နီယေစတာက နေမာရှိနေပါက ပေါင်သန်း ၂၀၀ မက အကျိုးခံစားခွင့်ရှိနေမည်ဖြစ်သဖြင့် နေမာကို ဆက်လက်ထိန်းထားရေး တိုက်တွန်းခဲ့သလို ဘာစီလိုနာ အသင်းဖော်များကလည်း နေမာဆက်ရှိရေးကို လိုလားခဲ့ကြသည်။

သို့သော် နေမာသည် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ဖြစ်မည်ဆိုပါက တစ်ပတ်လုပ်ခ ယူရို ၈၆၅၀၀၀(ပေါင် ၇၇၅၄၇၇) ရရှိမည်ဖြစ်ရာ အခွန်မဆောင်ရသေးမီ တစ်နှစ်လုပ်ခ ပေါင် သန်း ၄၀ ကျော် ဝင်ငွေခံစားခွင့်ရရှိမည်ဖြစ်သည်။ ထို့ကြောင့် ပီအက်စ်ဂျီက နေမာ၏ ငါးနှစ်စာချုပ်အတွက် ကနဦး လုပ်ခလစာပေါင် သန်း ၄၀၀ ကျော် ကုန်ကျမည်ဖြစ်သည်။ ယခု ပြောင်းရွှေ့မှုသာ အတည်ပြုနိုင်မည်ဆိုပါက ပြီးခဲ့သည့် ဇူလိုင်လက ဘာစီလိုနာနှင့် တစ်ပတ်လုပ်ခလစာ ပေါင် ၅၀၀၀၀၀ တန် စာချုပ်ချုပ်ဆိုခဲ့သည့် မက်ဆီ၊ ရီးယဲလ်နှင့် တစ်ပတ်လုပ်ခ ပေါင် ၃၆၅၀၀၀ တန် စာချုပ်သစ်ချုပ်ခဲ့သည့် စီရိုနယ်လ်ဒိုတို့ထက် နေမာမှာ လစာနှုန်းမြင့်မားသည့် ကစားသမားဖြစ်လာမည်ဖြစ်သည်။

နည်းပြ ဗယ်လ်ဗာဒီက နေမာကို ထွက်ခွာခွင့်ပြုထားပြီးဖြစ်သလို အနာဂတ်ကို စိတ်တိုင်းကျရွေးချယ်ဆုံးဖြတ်နိုင်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။ ဘာစီလိုနာသည် နေမာနေရာ အစားထိုးရန် လီဗာပူးကစားသမား ကော်တင်ဟို၊ ဒေါ့မွန်လူငယ် တိုက်စစ်မှူး ဒမ်ဘီလီတို့ထဲမှ တစ်ဦးကို အစားထိုးခေါ်ယူနိုင်ရန် ချိတ်ဆက်နေဖြစ်သည်။



ဂါရတ်ဘေးလ်၏ သွင်းဂိုးတစ်ဂိုးအတွက် ပေါင်နှစ်သန်းနီးပါးအထိ ကုန်ကျခံနေရတဲ့ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ်အသင်းသည် စူပါစတား ဂါရတ်ဘေးလ်အတွက် ပေးရသော လုပ်ခလစာ၊ မြင့်မားသော ပြောင်းရွှေ့ကြေး၊ သွင်းဂိုးပျောက်ဆုံးနေချိန်ကြာမြင့်မှုများကြောင့် ဘေးလ်၏ သွင်းဂိုးတစ်ဂိုးအတွက် ပျမ်းမျှ ပေါင် ၁ ဒသမ ၈ သန်းအထိပင် ကုန်ကျခံခဲ့ရကြောင်း သိရသည်။ ထွက်ပေါ်လာသည့် အချက်အလက်များအရ ဂိုးဖန်တီးမှု တစ်ကြိမ်အတွက် ပေါင် ၂ ဒသမ ၄ သန်း၊ တစ်မိနစ်အတွက် ပေါင် ၁၀၇၃၉ အထိ ကျခံနေရခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ၂၇ ပွဲ၊ မိနစ်အားဖြင့် ၁၉၃၇ မိနစ်သာ ဝင်ရောက်ကစားပြီး သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု ကိုးကြိမ် သာ ပြုလုပ်နိုင်ရာ ဘေးလ်၏ သွင်းဂိုးတစ်ဂိုးအတွက် ပေါင် ၃ ဒသမ ၅သန်း၊ ဂိုးဖန်တီးမှု တစ်ကြိမ်အတွက် ပေါင် ၆ ဒသမ ၃ သန်းအထိ ကုန်ကျခံခဲ့ရသည်။ ဘေးလ်သည် ရီးယဲလ်၏ ရာသီကြိုခြေစမ်းပွဲများတွင်လည်း တစ်ဂိုးမျှ သွင်းယူနိုင်ခြင်းမရှိခဲ့သလို ခြေစွမ်းပျောက်ဆုံးနေသည်မှာ ကာလအတော်ကြာပြီဖြစ်သည်။ ဘေးလ်သည် ရီးယဲလ်သို့ စတင်ရောက်ရှိလာချိန်တွင် ခြေစွမ်းပိုင်းထက်မြက်ခဲ့ပြီး ပွဲဦးထွက်နှစ်မှာပင် ကိုပါဒယ်ရေးဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ရယူပေးနိုင်ခဲ့သည်။

သို့သော် ပြီးခဲ့သည့် တစ်ရာသီလုံး ဒဏ်ရာပြဿနာများ ထွေးလုံးရစ်ပတ်လာကာ ကာလရှည် အနားယူခဲ့ရပြီးနောက် ရီးယဲလ်အတွက် ဝန်ပိုထမ်းထားရသည့် ကစားသမားပင်ဖြစ်နေသည်ဟု ဝေဖန်ခံနေရသည်။ ရီးယဲလ်သည် ဘေးလ်အတွက် အသားတင် လုပ်ခလစာ ပေါင် ၂၈၉၀၀၀ ပေးချရသော်လည်း စပိန်အခွန်ဥပဒေကြောင့် တစ်ပတ် ၆၁၁၀၀၀ အထိ ကျခံနေရသလို ဒဏ်ရာရရှိချိန်များလွန်းသော ဘေးလ်ကြောင့် တစ်ပွဲဝင်ရောက်ကစားလျှင် ပေါင် ၈၃၀၀၀၀ အထိ ကုန်ကျခံနေရသည့် အနေအထားပင်ဖြစ်သည်။ အချို့ဝက်ဘ်ဆိုက်များရဲ့ထုတ်ဖော်မှုအရ ရီးယဲလ်သည် ဘေးလ်အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၉၀ အထိ သုံးစွဲခဲ့ရပြီး လေးနှစ်လုပ်ခလစာအတွက် စုစုပေါင်း ၁၂၄ ဒသမ ၆ သန်းအထိ ကုန်ကျခဲ့ကြောင်း သိရသည်။

## ဆန်းချက်ဇ်အတွက် တစ်ပတ်လုပ်ခ ပေါင် ၂၉၀၀၀၀ တန် စာချုပ်ကို အာဆင်နယ် ထပ်မံကမ်းလှမ်း


အာဆင်နယ်သည် ဆန်းချက်ဇ်အတွက် တစ်ပတ်လုပ်ခ ပေါင် ၂၉၀၀၀၀ တန် စာချုပ်တစ်ရပ်ကို ထပ်မံကမ်းလှမ်းခဲ့ပြီး ယင်းကမ်းလှမ်းမှုမှာ အာဆင်နယ်အတွက် ဆန်းချက်ဇ် ဆက်နေရေး နောက်ဆုံးကောက်ရိုးတစ်မျှင်ပင်ဖြစ်ကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ အစောပိုင်းက ဆန်းချက်ဇ်မှာ ရာသီတုပ်ကွေးကြောင့် အာဆင်နယ်လေ့ကျင့်ရေးအစီအစဉ်တွင် လာရောက်ပူးပေါင်းရန် နောက်ကျနေရာ ဆန်းချက်ဇ် အာဆင်နယ်မှထွက်ခွာရန် ဆုံးဖြတ်ထားပြီးဖြစ်သည်ဆိုသော နောက်ဆက်တွဲဂယက်များ ထွက်လာစေခဲ့သည်။ ဝင်းဂါးက ဆန်းချက်ဇ် အင်္ဂါနေ့တွင် အာဆင်နယ်နှင့် ပြန်လည်ပူးပေါင်းမည်ဆိုသည်ကို အတည်ပြုခဲ့သော်လည်း ဆန်းချက်ဇ် လာရောက်ခြင်းမှာ အာဆင်နယ်မှ ထွက်ခွာခွင့်ပေးရန် တောင်းဆိုခြင်းအတွက်သာဖြစ်မည်ဟု အင်္ဂလန်မီဒီယာများက သုံးသပ်ခဲ့ကြသည်။

သို့သော် ဆန်းချက်ဇ်မှာ ပြီးခဲ့သည့် အင်္ဂါနေ့က လန်ဒန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး အာဆင်နယ်အသင်းဖော်များနှင့်အတူ လေ့ကျင့်ရေးဆင်းခဲ့ပြီးနောက် ဆန်းချက်ဇ်၏ အပြောင်းအရွှေ့ကိစ္စရပ်များလည်း ခေတ္တငြိမ်သက်သွားခဲ့သည်။ ဆန်းချက်ဇ်နှင့် နည်းပြ ဝင်းဂါးတို့ ရယ်ရယ်မောမောဖြင့် ပြောဆိုနေသည့် ပုံရိပ်များကြောင့် အာဆင်နယ်၏ကမ်းလှမ်းမှုကို ဆန်းချက်ဇ်လက်ခံရန် အလားအလာရှိသည်ဟူသော ကောက်ချက်ဆွဲမှုများ ရှိနေသော်လည်း တစ်ဖက်တွင် မန်စီးတီးက တစ်ပတ်လုပ်ခ ပေါင် ၄၀၀၀၀၀ဖြင့် ကမ်းလှမ်းထားသည်ဟု သတင်းများထွက်နေသည်။

အာဆင်နယ်၏ တစ်ပတ် ပေါင် ၂၇၅၀၀၀ တန်စာချုပ်ကို ဆန်းချက်ဇ် ပယ်ချခဲ့ပြီးနောက် အာဆင်နယ်က ယခု စာချုပ်သစ်ကို ထပ်မံကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်သည် ဆန်းချက်ဇ်လုပွဲမှ စောစောစီးစီး ထွက်သွားပြီဖြစ်သော်လည်း မန်စီးတီးက ဆန်းချက်ဇ်ရရှိရေး ကြိုးပမ်းမှုမှာ ယခုထိ ရပ်တန့်သွားခြင်းမရှိခဲ့ပေ။ ကြားကာလတွင် ပဲရစ်မြို့တွင် ပီအက်စ်ဂျီတာဝန်ရှိသူများနှင့် ဆန်းချက်ဇ် တွေ့ဆုံခဲ့ခြင်းကြောင့် ပီအက်စ်ဂျီကိုသာ ရွေးချယ်တော့မည်လားဟု အာဆင်နယ် ပရိသတ်များစိုးရိမ်ခဲ့ကြသော်လည်း လုပ်ခလစာကိစ္စညှိနှိုင်း၍မရခြင်းကြောင့် ပီအက်စ်ဂျီနှင့် ဆန်းချက်ဇ်အပြောင်းအရွှေ့မှာ ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပီအက်စ်ဂျီက တိုက်စစ်မှူး နေမာကို ကမ္ဘာ့စံချိန်တင်ကြေးပေါင် ၁၉၆ သန်းဖြင့် ခေါ်ယူရန်ရှိရာ ဘဏ္ဍာရေးမျှခြေစည်းမျဉ်းကြောင့် ဆန်းချက်ဇ်ကို ခေါ်ယူဖွယ်မရှိတော့ချေ။ ထို့ကြောင့် ဆန်းချက်ဇ်ကို ခေါ်ယူလိုသည့်အသင်းများမှ မန်စီးတီးတစ်သင်းသာ ကျန်ရှိတော့ပြီး နည်းပြ ဝင်းဂါးကလည်း ဆန်းချက်ဇ်ကို ပရီမီယာလိဂ်ပြိုင်ဘက် အသင်းတစ်ခုသို့ ရောင်းချမည်မဟုတ်ဟု ဆုံးဖြတ်ထားသဖြင့် ဆန်းချက်ဇ်ကို ဆက်ထိန်းရေး ကြိုးပမ်းမည့်အခြေအနေပင်ဖြစ်သည်။

## ဝေဖန်မှုမလွတ်တဲ့ ပေါ့ဘာရဲ့ ဖိနပ်သစ်



ကွင်းလယ်လူ ပေါလ်ပေါ့ဘာဟာ ရာသီသစ်မှာ ဝတ်ဆင်မယ့် ဖိနပ်သစ်ကို မန်ယူရဲ့ အင်စတာဂရမ်စာမျက်နှာကတစ်ဆင့် ချပြခဲ့ရာ မီဒီယာများက ဖိနပ်အရောင်ကြောင့် ပေါ့ဘာမျက်နှာ မပျော်မရွှင်ဖြစ်နေရတယ်လို့ ဖော်ပြနေကြပါတယ်။ ပေါ့ဘာဟာ အက်ဒီးဒက်စ်ကုမ္ပဏီက ထုတ်လုပ်တဲ့ Ace 17+Purecontrol ကို ဝတ်ဆင်မှာဖြစ်ကာ ဒီဖိနပ်ဟာ ဖန်တီးမှု၊ အပြင်အဆင် ပြီးပြည့်စုံပေမယ့် ဖိနပ်အရောင်ကြောင့် ပေါ့ဘာမျက်နှာ မပျော်မရွှင်ဖြစ်နေရတယ်လို့ ယူဆနေကြတာဖြစ်ပါတယ်။ ဖိနပ်ရဲ့ အရောင်ဟာ မန်ယူရဲ့ ခါးသီးတဲ့ မြို့ခံပြိုင်ဘက် မန်စီးတီး ကိုယ်စားပြု အပြာနုရောင်ဖြစ်နေတာကြောင့် အခုလိုနောက်ဆက်တွဲဝေဖန်မှုတွေကို ထွက်လာစေတာဖြစ်ပါတယ်။ အက်ဒီးဒက်စ်အနေနဲ့ ပေါ့ဘာဟာ မန်ယူ ကစားသမားဖြစ်နေတယ်ဆိုတာ သတိလွတ်ဖြစ်သွားတဲ့ပုံရှိပြီး ဖိနပ်အရောင်ကြောင့် မန်ယူဘက်ကရော ပေါ့ဘာပါ အနှောင့်အယှက်ဖြစ်နိုင်တယ်ဆိုတဲ့ ရေးသားမှုတွေလည်း တွေ့နေရပါတယ်။

မေလ့သင်း ရေးသားသည်

## ပွဲဦးထွက်မှာပဲ ပရိသတ်မေတ္တာကို ရယူနိုင်ခဲ့တဲ့ မာတစ်



ဒက်ဘလင်မြို့မှာ ကစားခဲ့တဲ့ မန်ယူနဲ့ ဆမ်ဒိုရီးယားတို့ ချစ်ကြည်ရေးခြေစမ်းပွဲမှာ ချယ်လ်ဆီးကနေ ပေါင်သန်း ၄၀ နဲ့ ရောက်လာတဲ့ မန်ယူကွင်းလယ်လူသစ် မာတစ်ဝင်ရောက်ကစားပြီး သူ့ရဲ့မထင်မှတ်တဲ့ အပြုအမူက ပရိသတ်မေတ္တာကို ရရှိအောင် ပိုမိုဖန်တီးနိုင်ခဲ့ပါတယ်။ မာတစ် ကွင်းဘေးကို ကန်လိုက်တဲ့ ဘောလုံးဟာ ကြေညာဘုတ်ပြားနဲ့ထိပြီး အိုင်ယာလန်အမျိုးသမီးပရိသတ်ရဲ့မျက်နှာကို သွားရောက်ထိမှန်ခဲ့တာပါ။ ဒီဖြစ်ရပ်ဟာ မတော်တဆဖြစ်ခဲ့ပေမယ့် မာတစ်က ဘောလုံးထိသွားတဲ့ အမျိုးသမီးဆီကို ချက်ချင်းပြေးသွားကာ ခေါင်းကို လက်နဲ့ပွတ်ပြီး နှစ်သိမ့်ခဲ့သလို ရင်ချင်းအပ်နှုတ်ဆက်ခဲ့တာကြောင့် ယင်းအမျိုးသမီးအနီးနားရှိနေတဲ့ ပွဲကြည့်သူတွေရော အခြားကွင်းထဲရောက်နေတဲ့ ပရိသတ်တွေပါ သဘောကျသွားခဲ့ကြတာဖြစ်ပါတယ်။ မာတစ်ရဲ့ ယခုလုပ်ရပ်ဟာ ကွင်းထဲမှာတင် ပျံ့နှံ့ခဲ့တာမဟုတ်ဘဲ တွစ်တာလို လူမှုကွန်ရက်တွေမှာ မှတ်ချက်တွေ အများအပြားထွက်လာအောင် ဖန်တီးနိုင်ခဲ့တာကို တွေ့ရပါတယယ်။ မှတ်ချက်တွေအားလုံးကလည်း မာတစ်ရဲ့အပြုအမူအပေါ် အပေါင်းလက္ခဏာဆောင်တဲ့ ချီးကျူးမှုတွေအဖြစ်သာ အများဆုံးတွေ့ခဲ့ရပါတယ်။

# ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပြဌာန်း

**ယမန်နေ့မှအဆက်**

### အခန်း (၆)
### တားမြစ်ချက်များ

၃၀။ မည်သူမျှ ဤဥပဒေအရ လိုင်စင်ရယူရန် လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၃၁။ လိုင်စင်ရရှိသူ မည်သူမျှ-

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်စည်းကမ်းချက်တစ်ခုခုပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ကို ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဘေးအန္တရာယ်ရှိသော ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးပါရှိသည့် ထုပ်ပိုးထည့်သွင်းပစ္စည်းနှင့်သယ်ယူပို့ဆောင်သည့် ယာဉ်နှင့်ပိုက်လိုင်းများတွင်အန္တရာယ်အမှတ်အသား သတိပေးချက်များကို ထင်ရှားအောင် ရေးသားဖော်ပြခြင်းမပြုဘဲ သုံးစွဲခြင်းမပြုရ၊

(ဂ) ဘေးအန္တရာယ်ရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ဘေးအန္တရာယ်မရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းကိုဖြစ်စေ ဤဥပဒေပါ သတ်မှတ်ထားသည့် နည်းလမ်းများမှတစ်ပါး တင်သွင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုများအပေါ် တာဝန်ခံမှုမရှိဘဲ ဆောင်ရွက်ခွင့်မရှိစေရ၊

(င) စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီမှန်ကန်မှု မရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၂။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း လုပ်ကိုင်နေသူမည်သူမျှ ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းပြုသည့်နေရာတစ်ခုခုကိုဖြစ်စေ၊ သယ်ယူပို့ဆောင်ဆဲအချိန်တွင်ဖြစ်စေ၊ အခွင့်အာဏာအပ်နှင်းထားသောအရာရှိ သို့မဟုတ် အဖွဲ့အစည်းက ရေနံနှင့်ရေနံထွက်ပစ္စည်းကိုဖြစ်စေ၊ ထုပ်ပိုးထည့်သွင်းပစ္စည်းကိုဖြစ်စေ သယ်ယူပို့ဆောင်သည့် စက်အားသုံးယာဉ်၊ စက်ယန္တရား၊ ရေယာဉ်၊ ပိုက်လိုင်းတို့ကို စစ်ဆေးရန်နှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းနမူနာရယူလိုကြောင်း တင်ပြလာပါက သင့်လျော်သော အကူအညီတောင်းခံခြင်းကို ငြင်းဆန်ခြင်း မပြုရ။

၃၃။ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်မျိုးမျိုးကြောင့် ပေါက်ကွဲမှု သို့မဟုတ် မီးလောင်မှုဖြစ်ပွားလျှင် ဖြစ်စေ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းထားရှိရာနေရာနှင့် ယင်းအနီးအနားတွင် မီးလောင်မှု ဖြစ်ပွားတန်ရာရှိလျှင်ဖြစ်စေ အဆိုပါလုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်သူမည်သူမျှ အနီးဆုံးသက်ဆိုင်ရာအာဏာပိုင်ထံ ချက်ချင်းသတင်းပို့ရန်နှင့် မတော်တဆဖြစ်ရပ်တစ်ခုခုနှင့်ပတ်သက်၍ သတင်းအချက်အလက်များကိုပေးရန် ပျက်ကွက်မှုမရှိစေရ။

### အခန်း(၇)
### စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်လျှင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်း၊ ဌာနသည် လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၃၅။ ပုဒ်မ ၃၄ အရ လိုင်စင်ထုတ်ပေးသည့် လုပ်ငန်း သို့မဟုတ် ဌာနက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှရက် ၃၀ အတွင်း လိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ အယူခံဝင်ရောက်နိုင်သည်။ ယင်းဝန်ကြီးဌာနက သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသည့် လုပ်ငန်း သို့မဟုတ် ဌာနက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၏ အမိန့်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၃၆။ လိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများပါ သတ်မှတ်ချက် များနှင့်အညီ မည်သည့်လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ရုပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ထို့ပြင် မူလက သတ်မှတ်ထားသော လိုင်စင်စည်းကမ်းချက်များကိုလည်း ပြင်ဆင်သတ်မှတ်နိုင်သည်။

### အခန်း (၈)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၇။ မည်သူမဆို ပုဒ်မ ၃၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၇ အရ ပြစ်ဒဏ်စီရင်ခံရပြီးနောက်၊ ထိုပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်ဒဏ်စီရင်ခံရလျှင် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုကျူးလွန်ခြင်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၉။ လိုင်စင်ရရှိသူ မည်သူမဆို -

(က) ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ခြင်းခံရမည်။

(ခ) ပုဒ်မ ၃၁၊ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်ခြင်းခံရမည်။

၄၁။ ကြီးကြပ်အုပ်ချုပ်သူမည်သူမဆို ပုဒ်မ ၃၃ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

### အခန်း (၉)
### အထွေထွေ

၄၂။ ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အနည်းဆုံးရှိရမည့် ဧရိယာအကျယ်အဝန်းနှင့်အကွာအဝေးကို သတ်မှတ်ပေးရမည်။ မည်သူမျှ ယင်းသတ်မှတ်ပေးထားသည့် နယ်နိမိတ်အတွင်း မီးဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာကို မပြုလုပ်ရ။

၄၃။ တရားရုံးသည် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရရှိသည့် သက်သေခံပစ္စည်းများအား ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးရမည်။

၄၄။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ထောင်ထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်သူသည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲ၍ ဤဥပဒေအရ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးမည့် ဝန်ကြီးဌာနသို့တင်ပြရမည်။ ယင်းဝန်ကြီးဌာနသည် တင်ပြလာသည့် စီမံခန့်ခွဲမှုအစီအစဉ်ကို စိစစ်သုံးသပ်၍ ကျေနပ်မှုရှိပါက အတည်ပြုရမည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းဆောင်ရွက်သူသည် ဝန်ကြီးဌာနက သတ်မှတ်ပေးသည့်အချိန် ကာလအတွင်း မိမိလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၄၅။ ဝန်ကြီးဌာနသည် မိမိဌာနအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုခုကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများနှင့်သက်ဆိုင်သော ကော်ပိုရေးရှင်းအဖြစ် သင့်လျော်သည့်အချိန်တွင် တည်ထောင်ဆောင်ရွက်နိုင်သည်။

၄၆။ ဤဥပဒေအရ အရေးယူသည့် ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် မှတ်ယူရမည်။

၄၇။ The Petroleum Act. (INDIA Act XXX,1934) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၈။ The Petroleum Act. (INDIA Act XXX, 1934) အရ ထုတ်ပေးခဲ့သော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်များကို ဤဥပဒေအရ ထုတ်ပေးသော လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်များအဖြစ် မှတ်ယူ၍ ယင်းတို့တွင်ပါရှိသော သက်တမ်းနှင့်စည်းကမ်းချက်များအတိုင်း ဆက်လက်တည်ရှိစေရမည်။

၄၉။ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ကိုမထိခိုက်စေရန် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၀။ ဝန်ကြီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းများနှင့် ကုန်ကျစရိတ်များကို တာဝန်ယူ ဆောင်ရွက်ရမည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များအတွက် သင့်လျော်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို သတ်မှတ်နိုင်သည်။

၅၁။ ဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းတွင် ဘေးအန္တရာယ်လုံခြုံမှုရှိစေရန် လိုအပ်သော သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲ၊ သရုပ်ပြပွဲနှင့် အစည်းအဝေးများ ကျင်းပနိုင်သည်။

၅၂။ ဤဥပဒေဆိုင်ရာ အခွန်အခများအား လိုင်စင်ထုတ်ပေးသည့် ဝန်ကြီးဌာန၊ အခွန်အခ ကောက်ခံသည့် ဝန်ကြီးဌာနတို့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အကြား မည်သို့ကောက်ခံခွဲဝေသုံးစွဲရမည်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးသည့် ဝန်ကြီးဌာနနှင့် အခွန်အခကောက်ခံသည့် ဝန်ကြီးဌာနတို့က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၅၃။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း လိုင်စင်လျှောက်ထားခြင်းမရှိသော၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသော သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းမပြုသော ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို သိမ်းဆည်းပြီး ထုခွဲခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၅။ The Petroleum Act. (INDIA Act XXX, 1934) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကျောင်းသား ကျောင်းသူများအား အသက်ကယ်ဝတ်စုံများ ပေးအပ်လှူဒါန်း

**ထီးချိုင့် ဩဂုတ် ၃**

ထီးချိုင့်မြို့နယ် ဆပ်ကျအုပ်စု ဆပ်ကျကျွန်းရွာတွင် ကျောင်းသား ကျောင်းသူများအား အသက်ကယ်ဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်က အမှာစကားပြောကြားပြီး Great Wall & WilmarHolding., Ltd. ကုမ္ပဏီမှ ဒု-အထွေထွေမန်နေဂျာဦးကျော်လှိုင်က ကျောင်းသား ကျောင်းသူများအတွက် အသက်ကယ်ဝတ်စုံ ၈၀ ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက အသက်ကယ်ဝတ်စုံများ ဝတ်ဆင်ပေးကြပြီး မော်တော်ဆိပ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည်။

ထို့နောက် ကျောင်းသားမိဘများကိုယ်စား မိဘတစ်ဦးဖြစ်သည့် ဦးမြင့်လွင်က ရေဝတီမြစ်ရေတိုးချိန် ကျောင်းသားများ၏ဘဝ၊ ကျောင်းသားမိဘများ၏သောကဖြစ်ခဲ့ရသည့်အကြောင်းနှင့် ယခုလို အသက်ကယ်ဝတ်စုံများ လှူဒါန်းကြသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**ကျော်ခဲ(မြို့နယ်/ပြန်ဆက်)**



## သုံးခွမြို့နယ်တွင် စာသင်ကျောင်းများသို့ နှာခေါင်းစည်းများသွားရောက်လှူဒါန်း

**သုံးခွ ဩဂုတ် ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ရှိ သုံးခွမြို့လူမှုကယ်ဆယ်ရေးအဖွဲ့ ဩဂုတ်၂ ရက်က မုဒိသာ၊ ပုဂံတောင်၊ ဆင်ခိုး၊ ကွန်ကလူသူကြီးပတုပ်၊ ခြောက်တဲစု၊ ဦးကြာမှိုင်း၊ Bulတောဝူရေချိုစု၊ အုန်းပင်ကျောင်းကျေးရွာတို့ရွာရှိ စာသင်ကျောင်းများသို့ လတ်တလောဖြစ်ပွားနေသောရာသီတုပ်ကွေး H1N1 ရောဂါကြိုတင်ကာကွယ်နိုင်ရန် နှာခေါင်းစည်း(Mask)များကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါအဖွဲ့သည် နှာခေါင်းစည်းအသုံးပြုပုံကို လက်တွေ့သရုပ်ပြသခဲ့ပြီး ရောဂါလက္ခဏာများနှင့်ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

၄၂။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၄၀ အရ လျှောက်ထားသည့် နေ့ရက်မှစတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

၄၃။ လျှောက်ထားသူသည် သတ်မှတ်ထားသည့် ကာလအတွင်း စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိထံ ဦးစားပေးအခွင့်အရေး ပြန်လည်ရရှိရေးအတွက် ပုဒ်မ ၂၈ ပုဒ်မခွဲ (က) နှင့်အညီ တောင်းဆိုချက်တစ်ရပ်ကို တင်ပြနိုင်သည်။

### အခန်း (၁၂)
### တီထွင်မှုမူပိုင်ခွင့် သက်တမ်းနှင့်မှတ်ပုံတင်ကြေး

၄၄။ တီထွင်မှုမူပိုင်ခွင့် သက်တမ်းသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်မှ နှစ် ၂၀ ဖြစ်သည်။

၄၅။ တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ထိန်းသိမ်းရန်အလို့ငှာ ဦးစီးဌာနသို့ ကာလအပိုင်း အခြားအလိုက်သတ်မှတ်သည့် နှစ်စဉ်ကြေးပေးသွင်းမှုကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နှစ်စဉ်ကြေးပေးသွင်းရမည့် နေ့ရက်မတိုင်မီ ခြောက်လအတွင်း သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းရမည်။

(ခ) နှစ်စဉ်ကြေးပေးသွင်းမှု နောက်ကျခြင်းအတွက် နှစ်စဉ်ကြေးပေးသွင်းရန် ကုန်ဆုံးသည့်နောက်တစ်ရက်မှ အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း၌သာ ပေးသွင်းခွင့်ရှိသည်။ ယင်းသို့ပေးသွင်းသည့်အခါ သတ်မှတ်ထားသော နှစ်စဉ်ကြေးနှင့်ရက်လွန်ကြေးများကို ပေးသွင်းရမည်။

၄၆။ မှတ်ပုံတင်အရာရှိသည်-

(က) နှစ်စဉ်ကြေးပေးသွင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ခ) နှစ်စဉ်ကြေးကို အခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း ပေးသွင်းခြင်းမရှိသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို ပျက်ပြယ်စေရမည်။

(ဂ) နှစ်စဉ်ကြေးပေးသွင်းမှုမရှိခြင်းမှာ ခိုင်လုံပြီး အခြားသူများ၏ အခွင့်အရေးများကို အကြောင်းမဲ့ ထိခိုက်ခြင်းမရှိဟုယူဆလျှင် ငွေပေးသွင်းရမည့်ကာလကျော်လွန်ပြီး နောက်တစ်နှစ်မကုန်ဆုံးမီ အချိန်အတွင်း ပျက်ပြယ်သွားသော တီထွင်မှုမူပိုင်ခွင့်ကို ထိန်းသိမ်းထားနိုင်သည်။

(ဃ) ပျက်ပြယ်သွားသည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၇။ ပုဒ်မ ၄၅ တွင် ဖော်ပြထားသော နောက်ဆုံးရက်သတ်မှတ်ချက် ကျော်လွန်သွားသည့် ကိစ္စရပ်တွင် လျှောက်ထားသူ သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်သည် ပုဒ်မ ၂၈ ပါ အချက်များနှင့်ကိုက်ညီပါက အခွင့်အရေးများ ပြန်လည်ပေးအပ်ရန် မှတ်ပုံတင်အရာရှိထံ တောင်းဆိုနိုင်သည်။

### အခန်း (၁၃)
### တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

၄၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် အခန်း(၁၂) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါကတီထွင်မှုမူပိုင်ခွင့်သက်တမ်းကာလအတွင်း ဤအခန်းပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၉။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ထုတ်ကုန်တစ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိထားလျှင် ယင်းထုတ်ကုန်ကို အခြားသူတစ်ဦးက ယင်း၏ သဘောတူညီချက်မပါဘဲပြုလုပ်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းပြုလျှင် ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(၂) ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိထားလျှင် ယင်းထုတ်လုပ်မှုနည်းစဉ်အား အခြားသူတစ်ဦးက ယင်း၏ သဘောတူညီချက်မပါဘဲ အသုံးပြုလျှင်ဖြစ်စေ၊ ယင်းထုတ်လုပ်မှုနည်းစဉ်ကို တိုက်ရိုက်အသုံးပြုပြီး ထုတ်လုပ်သော ထုတ်ကုန်တစ်ခုကို ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသည့် အပြုအမူများကို ဆောင်ရွက်လျှင်ဖြစ်စေ ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဂ) အခန်း (၁၄) နှင့် အခန်း (၁၅) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယင်း၏ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၅၀။ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားက တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသည့် တီထွင်မှုအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကိုရရှိစေရမည်။

၅၁။ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို စီးပွားဖြစ်မဟုတ်ဘဲ အသုံးပြုခြင်း သို့မဟုတ် ပုဂ္ဂလိကတစ်ဦးချင်းအတွက် အသုံးပြုခြင်း၊

(ခ) စမ်းသပ်လေ့လာရန် သို့မဟုတ် သုတေသနပြုရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်း၊

(ဂ) နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ယာယီအားဖြင့်ဖြစ်စေ၊ မမျှော်လင့်သောဖြစ်ရပ်ကြောင့် မတော်တဆဖြစ်စေ ဝင်ရောက်လာသော အခြားနိုင်ငံများမှ လေယာဉ်၊ ကုန်းလမ်းသွားယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်ရှိ တီထွင်မှုမူပိုင်ခွင့်နှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာတန်ဆာပလာများအား အသုံးပြုခြင်း၊

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော တီထွင်မှုကို လျှောက်ထားသည့်နေ့ရက်မတိုင်မီ သို့မဟုတ် ဦးစားပေးအခွင့်အရေးတောင်းဆိုသည့်နေ့ရက်မတိုင်မီ တစ်စုံတစ်ဦးမှ သဘောရိုးဖြင့် အသုံးပြုခြင်း သို့မဟုတ် ထိုသို့အသုံးပြုရန် ထိရောက်သော ပြင်ဆင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်း၊

(င) တီထွင်မှုမူပိုင်ခွင့်ရရှိသူကဖြစ်စေ၊ ၎င်း၏ သဘောတူညီချက်အရဖြစ်စေ ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း (အစုရှယ်ယာများအဖြစ် ရောင်းချရန် စတော့အိတ်ချိန်းဈေးကွက်တွင်တင်ထားခြင်း) သို့မဟုတ် တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော တီထွင်မှုမူပိုင်ခွင့် ရရှိထားသည့် ပစ္စည်းများအား ရောင်းဝယ်ဖောက်ကားခြင်း၊

(စ) ထုတ်ကုန်တစ်ရပ်ရပ်ကို ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်ဆိုင်သော နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု၏ ဥပဒေတစ်ရပ်ရပ်အရ လိုအပ်သည့်သတင်းအချက်အလက်များပြုစုတင်ပြခြင်းတို့နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့် ရရှိထားသော တီထွင်မှုကို ခိုင်လုံစွာသက်ဆိုင်သော အသုံးပြုမှုအတွက်သာ ပြုလုပ်ခြင်း၊ တည်ဆောက်ခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း သို့မဟုတ် တင်သွင်းခြင်း၊

(ဆ) မှတ်ပုံတင်ထားသော ဆေးဘက် သို့မဟုတ် သွားဘက်ဆိုင်ရာကုသရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးမှ ပေးသောဆေးစာအညွှန်းအရ တစ်ဦးတစ်ယောက်အတွက် ဆေးဆိုင်တွင် ဆေးဝါးဖော်စပ်ပေးခြင်းများပြုလုပ်ခြင်း။

၅၂။ တီထွင်မှုမူပိုင်ခွင့်ကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် မခွဲဝေရသေးသော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှခံစားခွင့် ရှိသည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏မခွဲဝေရသေးသည့် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးကို လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

(ဂ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်သူအား အခြားသော တီထွင်မှုမူပိုင်ခွင့် ပူးတွဲရရှိသူများ၏ သဘောတူညီချက် ရယူရန် မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့် ရှိသည်။

(ဃ) တီထွင်မှုမူပိုင်ခွင့်ရရှိသူထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

### အခန်း (၁၄)
### တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို လွှဲပြောင်းခြင်း

၅၃။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။

၅၄။ မှတ်ပုံတင်အရာရှိသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူကဖြစ်စေ၊ ပုဒ်မ ၅၃ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ တီထွင်မှုပိုင်ခွင့်ပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၅၃ ပုဒ်မခွဲ(ခ) အရ လွှဲပြောင်းခြင်းကိုလက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၅၅။ တီထွင်မှုမူပိုင်ခွင့်ပေးရန် လျှောက်ထားချက် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု၏ လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် တောင်းဆိုချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိရမည်။

၅၆။ တီထွင်မှုမူပိုင်ခွင့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

၅၇။ နိုင်ငံတော်ရှိ မျိုးရိုးဗီဇ၊ ဇီဝအရင်းအမြစ် သို့မဟုတ် ရိုးရာအသိပညာမှ တိုက်ရိုက်ဆင်းသက်လာသော တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၇) ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိဘဲ လျှောက်ထားသူက မှားယွင်းစွာ ချန်လှပ်၍ လျှောက်ထားခဲ့သည့် တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုခဲ့ကြောင်းတွေ့ရှိလျှင် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်ကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ လွှဲပြောင်းပေးရန် တီထွင်မှုမူပိုင်ခွင့်ရရှိသူအား ညွှန်ကြားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်း၏ အကျိုးအမြတ်ကို လွှဲပြောင်းရယူရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် ဦးစီးဌာနမှ သတ်မှတ်သည့် အဖွဲ့အစည်းတို့အား အကြောင်းကြားရမည်။

(ဂ) ပုဒ်မခွဲ (က) အရ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း၏ အကျိုးအမြတ်များကို သက်ဆိုင်ရာအဖွဲ့အစည်းက လွှဲပြောင်းရယူပြီးနောက် တီထွင်မှုမူပိုင်ခွင့်သည် အများပြည်သူနှင့် အလွန်အမင်း သက်ဆိုင်လာလျှင်သော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာနှင့် အေးချမ်းတည်ငြိမ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်းကို ရုပ်သိမ်းရမည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ကို စွန့်လွှတ်စေရမည်။

### အခန်း (၁၅)
### ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း

၅၈။ တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့်ကိုအသုံးပြုရန်အတွက် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်သည်။

၅၉။ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက်စာတမ်း အမှတ်အသားမိတ္တူမှန်နှင့်အတူ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၆၀။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၅၉ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းနှင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ နိုင်ငံတော်၏အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နိုင်ခြင်းမရှိကြောင်း၊ ယေဘုယျအားဖြင့် နည်းပညာကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတား သို့မဟုတ် အနှောင့်အယှက် ဖြစ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် အဆိုပါ အကျိုးသက်ရောက်မှု တစ်ခုခုကိုဖြစ်စေသည့် အချက်တစ်ရပ်ရပ် ပါရှိခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ထိုခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို မှတ်တမ်းတင်ပြီး သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၁။ တီထွင်မှုမူပိုင်ခွင့်ရရှိသူနှင့် ယင်း၏ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့က မှတ်ပုံတင်အရာရှိထံတွင် မှတ်တမ်းတင်ထားသည့် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းကို ပယ်ဖျက်ရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားလျှင် မှတ်ပုံတင်အရာရှိက မှတ်တမ်းမှပယ်ဖျက်ပြီး ယင်းသို့ ပယ်ဖျက်ကြောင်း အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၆၂။ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းမရှိလျှင် ယင်းခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းသည် အကျိုးသက်ရောက်မှု မရှိစေရ။

### အခန်း (၁၆)
### မလွဲမသွေပေးရမည့်လိုင်စင်

၆၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင် အဖွဲ့အစည်းတစ်ရပ်ရပ်သည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် မလွဲမသွေပေးရမည့် လိုင်စင်ကို ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(၁) နိုင်ငံတော်၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန်လိုအပ်ခြင်း၊ အများပြည်သူ၏ အစာအာဟာရ၊ ကျန်းမာရေး၊ အမျိုးသားအကျိုးစီးပွား၏ အခြားသော အရေးပါသည့်အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အလွန်အမင်း လိုအပ်လျက်ရှိခြင်း၊

(၂) တီထွင်မှုမူပိုင်ခွင့်ရရှိသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိသူမှ အသုံးပြုသည့် နည်းလမ်းသည် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည်ဟု တရားစီရင်ရေး သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့အစည်းက ဆုံးဖြတ်ပြီး ဤပုဒ်မခွဲနှင့်အညီ တီထွင်မှုအား အသုံးပြုခြင်းသည် အဆိုပါ ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် လုပ်ရပ်အား ကုစားနိုင်မည့် အခြေအနေဖြစ်ခြင်း၊

(၃) တီထွင်မှုမူပိုင်ခွင့်ရရှိသူသည် ယင်း၏သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူက ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ဆိုင်ရာ သီးသန့်အခွင့်အရေးများကို အလွဲသုံးစားပြုခြင်းမှ ဟန့်တားမှုမရှိဘဲ လျစ်လျူရှုထားခြင်း၊

**ဆက်လက်ဖော်ပြပါမည်။**

# မန္တလေးတိုင်းဒေသကြီး၌ ဩဂုတ် ၅ရက်တွင် တစ်တိုင်းလုံးအတိုင်းအတာဖြင့် Mask Campaign ဆောင်ရွက်သွားမည်

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီးတွင် H1N1ရောဂါ ကြိုတင်ကာကွယ်မှုအဖြစ် ဩဂုတ် ၅ ရက်တွင် တစ်တိုင်းလုံး အတိုင်းအတာဖြင့် Mask Campaign ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး ကိုးထပ်ဆောင်၌ ကျင်းပသည့် ရာသီတုပ်ကွေးရောဂါ (Influenza A(H1N1)pdm 09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာတင်မိုးနှင့် ပါမောက္ခ ဌာနမှူးများ တက်ရောက်ဆွေးနွေးကြပြီး Mask Campaign ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ရာသီတုပ်ကွေးရောဂါ (Influenza A(H1N1)pdm 09)ကို ကြိုတင်ကာကွယ်ထိန်းချုပ်ရန်အတွက် လူထုအသိပညာပေးရေးလုပ်ငန်းများကို ထပ်မံ၍အရှိန်မြှင့်တင်ပေးနိုင်ရန်၊ ပြည်သူလူထုမှရောဂါအကြောင်းကို ပိုမိုသိရှိနားလည်လာစေရန်နှင့် သံသယရှိလူနာတွေ့ရှိပါက ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံး ပို့ဆောင်သတင်းပို့ပေးရန်ရည်ရွယ်၍ Mask Campaign ဆောင်ရွက်ခြင်းဖြစ်သည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာ Mask Campaign ကို ဩဂုတ် ၅ ရက်မှာ လုပ်ဆောင်သွားမယ်။ Mask Campaign မှာဆိုရင် ပြည်သူလူထုနဲ့ ကျောင်းသား ကျောင်းသူတွေကို ကျန်းမာရေးအသိပညာပေးမှုအဖြစ် ပိုစတာတွေကပ်မယ်။ လက်ကမ်းစာစောင်တွေကို ဝေပေးမယ်။ ပြီးရင် Mask တွေ လည်းဝေသွားမယ်။ တစ်တိုင်းလုံးအတိုင်းအတာနဲ့ ခရိုင်နဲ့ မြို့နယ်တွေမှာ တစ်ပြိုင်နက်လုပ်ဆောင်သွားမှာပါ" ဟု တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်ကပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လတ်တလော၌ H1N1 ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းထုတ်ပြန်ချက်များနှင့် တိုင်းဒေသကြီးအတွင်းရှိဆေးရုံများနှင့် ခရိုင်နှင့် မြို့နယ်များအားလုံးမှ H1N1ရောဂါသံသယဖြစ်ဖွယ်လူနာများတွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိပြီး H1N1ရောဂါအကြောင်း ခရိုင်နှင့်မြို့နယ်များနှင့် မြို့ပေါ်ဆေးရုံများတွင် ပိုစတာနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်း၊ ကာကွယ်ရေးပစ္စည်းများဖြစ်သောPPE၊ N95Mask များ ဖြန့်ဝေပေးခြင်းတို့ကိုဆောင်ရွက်နေသည့်အပြင် ခရိုင်နှင့်မြို့နယ်များတွင် ပြည်သူလူထုအကြား ကျန်းမာရေးအသိပညာပေးခြင်းများကိုဆောင်ရွက်နေကာမန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ညောင်ဦးလေဆိပ်တို့တွင်လည်း Fever Surveillance များဖြင့် စစ်ဆေးမှုများဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွား ဇုန် ခြောက်ဇုန် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ပုဂ္ဂလိကကဏ္ဍနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ခရီးသွားဇုန် ခြောက်ဇုန်ကို သတ်မှတ်ဖော်ဆောင်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရီးစဉ်ဒေသအများအပြားတည်ရှိပြီး ခရီးသွားများ စိတ်ဝင်စားဖွယ်ရာနေရာများစွာရှိသည်။ ၎င်းရှိရင်းစွဲ သဘာဝအနေအထားများပေါ် တည်မှီ၍ ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းသည် လူသားအချင်းချင်းချစ်ကြည်ရင်းနှီးမှု အပြန်အလှန်နားလည်မှုများ ရရှိစေသည်သာမက လူ့အဖွဲ့အစည်းအတွင်း ပြည်သူများ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုအဆင့်အတန်း မြင့်မားစေမှု၊ ဆင်းရဲနွမ်းပါးမှု လျော့ကျလာစေမှုတို့ကို အထောက်အကူပြုစေမည်ဖြစ်သည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခရီးဇုန် ခြောက်ဇုန်တွင် ခရီးစဉ်အလိုက် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၊ ရှေးဟောင်းအဆောက် အအုံများ၊ စိတ်ဝင်စားဖွယ်လေ့လာနိုင်သည့်နေရာ များ၊ အမှတ်တရဒေသထွက်ပစ္စည်းများ ပါရှိသည်။



- စစ်ကိုင်းဇုန်-စစ်ကိုင်းတောင်၊ မင်းကွန်းပုထိုးတော်ကြီး၊ ကနောင်မင်းသားကြီး၏ သံရည်ကြိုစက်ရုံ၊ ကုန်းဘောင်ခေတ်အစေခံခံတပ်၊ ရာဇမဏိစူဠာကောင်းမှုစေတီတော်၊ အဏုဇီဝစိမ်းပြာရေညှိထုတ်လုပ်ရာ ရေခါးအင်း၊ ရွာထောင်ရှိ ငွေထည် လက်မှုပညာလုပ်ငန်း၊ ဧရာဝတီမြစ်အတွင်း အပျော်စီးသင်္ဘောခရီးစဉ်များ၊

- မုံရွာဇုန် - ကျောက်ကာရွှေဂူနီဘုရားနှင့် ယွန်းထည်လုပ်ငန်း၊ မိုးညှင်းသမ္ဗုဒ္ဓေဘုရားနှင့် ဗောဓိတစ်ထောင်ရှိ ကမ္ဘာ့အမြင့်ဆုံးရပ်တော်မူဘုရား၊ ဘုတလင်နယ်ရှိ ညောင်ကန်ကြေးခေတ်ပြကွက်များ၊ ညောင်ရမ်းခေတ် ကျောက်ထွင်းဇာတ်နိပါတ်များနှင့် စိမ်းပြာရေညှိထုတ် တွင်းတောင်၊ယင်းမာပင်နယ်ရှိ ဖိုလ်ဝင်တောင်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ကနီနယ်ရှိ မီးတောင်ဟောင်းနေရာများဖြစ်သော တွင်းမတွင်းနှင့်တောင်ပျောက်တွင်း၊

- ရွှေဘိုဇုန်-အလောင်းမင်းတရားကြီးဦးအောင်ဇေယျရဲ့နန်းတော်၊ ပြာသဒ်၊ မြေမြို့ရိုးနဲ့ကျုံးများ၊ ဘုရားစေတီများ၊ ရွှေဘိုမြို့ ဧရာဝတီမြစ်ကမ်းနံဘေး၊ ကျောက်မြောင်းမြို့၊ နွယ်ငြိမ်းအရပ်ရှိ စဉ့်အိုး၊ စဉ့်ထည်လုပ်ငန်းများ၊ ဝက်လက်နယ်ရှိ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင် ဟံလင်းပျူမြို့ဟောင်းနှင့် ရေပူ/ ရေအေးစမ်းများ၊ ရှိမ်းမကားရှိ ရွှေသမင်တော(အဆင့်မြှင့်မွမ်းမံထိန်းသိမ်းမှုများပြုလုပ်သွားမှာဖြစ်ပါတယ်)၊ ကန့်ဘလူနယ်ရှိ အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းများ၊ ချပ်သင်း ရွှေသမင် ဘေးမဲ့တောနှင့် ဘူမိထူးခြားနယ်မြေဖြစ်တဲ့ ဇင်းတောင် လင်းနို့ဂူ၊

- ကသာဇုန်-ကသာဇုန်မှာ ဂျော့အိုဝဲလ်နှင့် အင်္ဂလိပ်အရေးပိုင်တို့ရဲ့ ကိုလိုနီခေတ်အိမ် ၁၂ လုံး၊ နတ်ပေါက်ဆင်စခန်း၊ ဖက်ဆွတ်သစ်တောစခန်း အင်းတော်နယ်မှာ ဂျပန်မြေအောက်ဆေးရုံ၊ ဗိုလ်ချုပ်ဝင်းဂိတ်ရဲ့ ချင်းဒစ်တပ်ရှိရာ မော်လူး White City ခံတပ်၊ အင်းတော်အင်းလေးအိုင်နှင့် ကျောက်စိမ်းတွင်းများ၊ မန်လည်ဆရာတော်ဘုရားကြီး၏ ကျောင်းတော်ရာနှင့် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်၊ ဗန်းမောက်နယ်ရှိ ဇလုံတောင်တော်နှင့် ဗန်းမောက်နှင့် ကောလင်းမြို့တို့ရှိ ကျွန်းသစ်ပင်များ၊

- ကလေးဇုန်-ကလေးဇုန်သည် ချင်းပြည်နယ် ခရီးသွားလုပ်ငန်းများနှင့် ဆက်စပ်နေပြီး ရာဇဂြိုဟ်ဆည်နှင့် အိန္ဒိယနယ်စပ် တမူးမြို့သို့ သွားရောက်လည်ပတ်နိုင်၊ ပြောင်ဘုတ်လမ်းမှတစ်ဆင့် ကဘော် ချိုင့်ဝှမ်းလွင်ပြင်ကြီးကို ကြည့်ရှုနိုင်ပြီး လက်ဆေးကန်နှင့် ပျားစွဲဆင်စခန်း၊ မော်လိုက်မြို့ရှိ မြန်မာနိုင်ငံ၏ ပထမဦးဆုံးဂေါက်ကွင်းနှင့် ကိုလိုနီ အဆောက်အအုံများ၊ ကလေးဝနယ်ရှိ ကျောက်မီးသွေးတွင်းများ၊ မဟာမြိုင်တောကိုဖြတ်၍ ရွှေဘိုမြို့(သို့) မုံရွာမြို့သို့ သွားရောက်နိုင်သည်။

- ခန္တီးဇုန်-ခန္တီးဇုန်သည် နန်စီဗွန်ကျေးရွာအနီးတွင် ကျောက်စိမ်းထွက်ရှိရာ ခန္တီးရတနာမြေ တည်ရှိပါသည်။နာဂဒေသဖြစ်သည့် လဟယ်မြို့နှင့်နန်းယွန်းမြို့များသို့ သွားလာနိုင်ပြီး နန်းယွန်းမြို့နယ် ပန်ဆောင်မြို့တွင် Lake of No Return ရေကန်နှင့် ဒေါ်ခင်ကြည်ရိပ်သာတို့ကို လည်ပတ်နိုင်သည်။ ထို့ပြင် ထမံသီဘေးမဲ့တောနှင့် ရှားပါးတိရစ္ဆာန်များကို လေ့လာနိုင်ပြီး ၎င်းမှ နာဂဒေသလေရှီးမြို့သို့ သွားရောက်လည်ပတ်နိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် မပျက်စီးသေးသော သဘာဝအခြေခံတော တောင်များ၊ သာယာလှပသောချင်းတွင်းမြစ်ရိုးတစ်လျှောက် ဒေသများတည်ရှိခြင်း၊ မြို့နယ်တိုင်းလိုလိုတွင် အထင်ကရ သမိုင်းဝင်တန်ခိုးကြီးဘုရားနှင့် ဘာသာရေးအဆောက်အအုံများတည်ရှိခြင်း၊ ဒေသဓလေ့နှင့်အညီ အထင်ကရပွဲတော်ကြီးများ စည်ကားစွာဆောင်ရွက်ကြခြင်း၊ အစဉ်အလာရှိ ဒေသထွက်ကုန်များတည်ရှိ ထိန်းသိမ်းထားနိုင်ခြင်းနှင့် ဒေသခံလူမျိုးစုတို့၏ ပျူငှာဖော်ရွေ ရိုးသားမှုဓလေ့များ လေ့လာဖော်ထုတ်နိုင်ခြင်းတို့ကြောင့် ပြည်တွင်း/ပြည်ပခရီးသွားများအနေဖြင့် စိတ်ဝင်စားသောတိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

## မုံရွာမူလတန်းကြိုကျောင်းတွင် ရာသီတုပ်ကွေးရောဂါ A(H1N1)ကြိုတင်ကာကွယ်ရေးအသိပညာပေး

**မုံရွာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ရာသီတုပ်ကွေးရောဂါ A(H1 N1) ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဌာနမှ ဒေါက်တာသူဇာမြင့်က ရာသီတုပ်ကွေးရောဂါ A(H1N1) အကြောင်း အကျယ်တဝင့် အသိပညာပေးဟောပြောရာ တက်ရောက်လာကြသည့် ရင်သွေးငယ်လေး၏ မိဘများမှ သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြသည်။

ယင်းနောက် မုံရွာမူကြိုမှ ရင်သွေးငယ်လေးများက ရောဂါပိုးမွှားများကင်းစင်ရေး လက်ဆေးသရုပ်ပြကြရာ လ/ထညွှန်မှူး ဦးသန်းအောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးမော်တို့က ရင်သွေးငယ်လေးများထံ လက်ဆေးဆပ်ပြာရည်နှင့် နှာခေါင်းစည်း (Mask)များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## (H1N1)ဗိုင်းရပ်ရောဂါပိုးကူးစက်ခံရမှုမရှိစေရေး အခြေခံပညာကျောင်းများတွင် ပညာပေးဟောပြော

**မြင်းခြံ ဩဂုတ် ၃**

ရာသီတုပ်ကွေးရောဂါ Seasonal Infuenza (H1N1) ဗိုင်းရပ်ရောဂါပိုးကူးစက်ခံရမှုမရှိစေရေးအတွက် မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး လူစည်ကားရာအရပ်များဖြစ်သော ဈေး၊ အခြေခံပညာကျောင်းများတွင် လက်ကမ်းစာစောင်များ၊ Face Mask များလိုက်လံဝေငှခြင်းများကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက စတင်ပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

ရာသီတုပ်ကွေးရောဂါ (H1N1) ဗိုင်းရပ်ပိုးကူးစက်ခံရမှု မရှိစေရေးအတွက် မြင်းခြံခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုအသင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ပူးပေါင်း၍ လူစည်ကားရာဈေးတွင် အသိပညာပေးလက်ကမ်းစာစောင်များ၊ Face Mask များ လိုက်လံဝေငှခြင်းများကိုပြုလုပ်ခဲ့ကြသည်။

အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းဟောခန်းမ၌ အသိပညာပေးဟောပြောပွဲကိုပြုလုပ်ရာ မြင်းခြံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဌ ဒေါ်ကေသီခိုင်က (H1N1) ဗိုင်းရပ်ရောဂါပိုးအကြောင်း သိကောင်းစရာများဟောပြောခဲ့ပြီး ဒု- ခရိုင်ကျန်းမာရေးမှူး ဒေါက်တာရည်မွန်ကျော်က (H1N1) ဗိုင်းရပ်ရောဂါပိုးကူးစက်ပျံ့ပွားပုံအကြောင်း၊ ကြိုတင်ကာကွယ်နည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများကို ဟောပြောခဲ့သည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာသည့် ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ၊ Face Mask များကို တပ်ဆင်ပုံနည်းစနစ်များပြသ၍ ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ၂၀၁၇–၂၀၁၈ ပညာသင်နှစ်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ကျောင်းပြင်ပမူလတန်းပညာရေး လုပ်ငန်းဖွင့်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများတက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အကြောင်းအမျိုးမျိုးနှင့် ကျောင်းမနေခဲ့ရသည့် လုပ်ငန်းခွင်များရောက် အသက်(၁၀)နှစ်မှ (၁၄) နှစ်အတွင်းရှိ ကလေးသူငယ်များအတွက် ပညာသင်ယူနိုင်ရန်အခွင့်အလမ်းဖန်တီးပေးသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး သင်ကြားမှု၊ သင်ယူမှုပေါက်မြောက်အောင်မြင်စေရန်အတွက် တိုင်းဒေသကြီးအစိုးရ၏ ကူညီပံ့ပိုးမှု၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကြီးကြပ်မှုဖြင့် ပညာရေးဌာနမှ အကောင်ထည်ဖော်လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာမြို့၊ တန့်ဆည်၊ ဆားလင်းကြီး၊ ကောလင်း၊ ဟုမ္မလင်းနှင့်ကလေးမြို့နယ်များတွင် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ကြမည်ဖြစ်ရာ မုံရွာမြို့နယ်တွင် ပထမအဆင့် ၉၅ ဦး၊ ဒုတိယအဆင့် ၁၃ ဦး စုစုပေါင်း ၁၀၈ ဦးကို ဆရာ ဆရာမ ၁၁ ဦးဖြင့် အခြေစိုက်စခန်း ခြောက်ခုတွင်လည်းကောင်း၊ ဆားလင်းကြီးမြို့နယ်တွင် ပထမအဆင့် ၂၅ ဦး၊ ဒုတိယအဆင့် ၄၂ ဦး စုစုပေါင်း ၆၇ ဦးကို ဆရာ ဆရာမ ၁၀ ဦးဖြင့် အခြေစိုက်စခန်း ခြောက်ခုတွင် လည်းကောင်း၊ တန့်ဆည်မြို့နယ်တွင် ပထမအဆင့် ၅၁ ဦး၊ ဒုတိယအဆင့် ၆၈ ဦး စုစုပေါင်း ၁၁၉ ဦးကို ဆရာ ဆရာမ ၁၁ ဦးဖြင့် အခြေစိုက်စခန်း ခြောက်ခုတွင်လည်းကောင်း၊ ကောလင်းမြို့နယ်တွင် ပထမအဆင့် ၄၃ ဦး၊ ဒုတိယအဆင့် ၃၆ ဦး စုစုပေါင်း ၇၉ ဦးကို ဆရာ ဆရာမ ၁၁ ဦးဖြင့် အခြေစိုက်စခန်း ခြောက်ခုတွင် လည်းကောင်း၊ ဟုမ္မလင်းမြို့နယ်တွင် ပထမအဆင့် ၁၀ ဦး၊ ဒုတိယအဆင့် ၃၃ ဦး စုစုပေါင်း ၄၃ ဦးကို ဆရာ ဆရာမ သုံးဦးဖြင့် အခြေစိုက်စခန်း သုံးခုတွင်လည်းကောင်း၊ ကလေးမြို့နယ်တွင် ပထမအဆင့် ၆၅ ဦး၊ ဒုတိယအဆင့် ၆၈ ဦး စုစုပေါင်း ၁၅၃ ဦးကို ဆရာ ဆရာမ ၁၄ ဦးဖြင့် အခြေစိုက်စခန်း ခြောက်ခုတွင်လည်းကောင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းပြင်ပမူလတန်းပညာရေးတွင် သင်ကြားပေးမည့် အစီအစဉ်အနေဖြင့် တစ်ရက်လျှင် ၃ နာရီနှုန်းဖြင့် ရက်ပေါင်း ၁၇၀ ကြာတွင် စာသင်ချိန်ပေါင်း နာရီ ၄၈၀ သင်ကြားပေးမည်ဖြစ်ပြီး အချိန်ခွဲဝေမှု ရာခိုင်နှုန်းအနေဖြင့် မြန်မာစာ ၄၂ ရာခိုင်နှုန်း ၁၉၂ နာရီ၊ အင်္ဂလိပ်စာ ၁၅ ရာခိုင်နှုန်း ၇၂ နာရီ၊ သင်္ချာ ၂၅ ရာခိုင်နှုန်း နာရီ ၂၀၊ အထွေထွေဘာသာရပ် ၂၀ ရာခိုင်နှုန်း ၉၆ နာရီ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နာရီ ၃၀ ခွဲဝေထားကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



# ရာသီတုပ်ကွေးရောဂါ H1N1 ကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဟောပြော

**မိုးနဲ ဩဂုတ် ၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရာသီတုပ်ကွေးရောဂါ H1N1 ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းကို အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၌ ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇင်မီဟန်က ရာသီတုပ်ကွေးရောဂါ H1N1 ကူးစက်ရောဂါကာကွယ်ရေးနှင့် အပျိုဖော်ဝင်မိန်းကလေးများအတွက် သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာစိုင်းသီဟကျော်က သွားနှင့်ခံတွင်းကျန်းမာရေးကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးကျော်မျိုးသိုက်က ကလေးများတွင် ဖြစ်ပွားတတ်သော အစာမကြေ၊ လေထိုးလေအောင့်၊ နှာစေးချောင်းဆိုးနှင့် ယားယံနာများကိုလည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ ဆရာမကြီး ဒေါ်နော်ကဖော်စေးက အထွေထွေကျန်းမာရေးကိုလည်းကောင်း ဟောပြောကြပြီး ကျောင်းသား ကျောင်းသူ ၃၀၀ အား စမ်းသပ်စစ်ဆေးခြင်းများပြုလုပ်၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(ဖဖ၁)**

# မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တောင်ပြို၊ သစ်ပင်လဲကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွား

**မိုးမောက် ဩဂုတ် ၃**
ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဗန်းမော်-မိုးမောက်-လွယ်ဂျယ်သွားကားလမ်းပေါ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တောင်မြေ ပြိုကျမှု၊ သစ်ပင်လဲကျကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ရာ ပြည်သူများ၊ တပ်မတော်သားများက ဝိုင်းဝန်းရှင်းလင်းပေးခဲ့၍ မော်တော်ယာဉ်များ၊ ပြည်သူများပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း မိုးမောက်မြို့ ဒေသခံတစ်ဦးထံမှ သိရသည်။

ဩဂုတ် ၁ ရက် ညပိုင်းနှင့် ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ဗန်းမော်-မိုးမောက်-လွယ်ဂျယ် ကား လမ်း ၂၆ မိုင်တွင် တောင်ကမ်းပါးယံ မြေ ပြိုကျခြင်း၊ သစ်ပင်ကျိုးကျခြင်းတို့ကြောင့် လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်များ ရပ်နားခဲ့ကြရသည်။

ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ပြည်သူများနှင့် တပ်မတော်သားများက ပြိုကျမြေများနှင့် သစ်ပင်သစ်ကိုင်းများကိုရှင်းလင်းဖယ်ရှားပေးခဲ့သဖြင့် ပြည်သူများ၊ မော်တော်ယာဉ်များ လွယ်ကူစွာ သွားလာနိုင်ခဲ့ကြောင်း ယာဉ်မောင်းတစ်ဦးထံမှသိရသည်။



အလားတူ မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာနှင့် ပန်ချိုးဟိုင်ကျေးရွာအကြား ကားလမ်းမပေါ်၌ ရေကျော်မှုဖြစ်ပွားခဲ့ပြီး ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေစေရန်အတွက် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ဩဂုတ် ၂ ရက် နံနက်ပိုင်းက ဗန်းမော်မြို့၌ မိုးရွာသွန်းခဲ့သော မိုးရေချိန် လက်မမှာ ၃ ဒသမ ၃၀ လက်မဖြစ်ကြောင်း ခရိုင်မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

**မင်းမင်းဦး**

# အားကစားပစ္စည်းပေးအပ်ပွဲနှင့် အသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၃**
ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ပူးပေါင်း၍ အားကစားပစ္စည်းလွှဲပြောင်းပေးအပ်ခြင်းနှင့် အသိပညာပေးဟောပြောပွဲအခမ်းအနားကိုဩဂုတ် ၃ ရက် နံနက် ၉ နာရီခွဲက မြစ်ကြီးနားမြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေသွေးခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က လူငယ်လူရွယ်များအနေဖြင့် ငယ်ရွယ်စဉ်အချိန်အခါတွင် မိမိတို့နှစ်သက်ရာ အားကစားနည်းများအား လေ့လာလိုက်စား လေ့ကျင့်ခြင်းဖြင့် သွက်လက်ဖြတ်လတ်ကာ ဉာဏ်ရည်များ တိုးတက်မြင့်မားစေမှာဖြစ်ကြောင်းနှင့် အသက်အပိုင်းအခြားအလိုက် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုများအား အကျယ်တဝင့်ရှင်းလင်းတင်ပြကာ ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် လေ့ကျင့်ကစားနိုင်ရန်အတွက် အားကစားပစ္စည်းများအား ကျောင်းအုပ်ဆရာမကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များက ဘောလုံး၊ လက်ဝှေ့နှင့် ပိုက်ကျော်ခြင်းအားကစားနည်းများအား သရုပ်ပြလေ့ကျင့်ပြသကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုသန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားသို့ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၇၀၀ ခန့်တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# မူလတန်းကြိုကျောင်း၌တုပ်ကွေးရောဂါကာကွယ်ရေးအသိပညာပေး

**ကလေး ဩဂုတ် ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့လူမှုဝန်ထမ်းဦးစီးဌာန ကလေးမူလတန်းကြိုကျောင်းမှ ပြုလုပ်သော ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက အဆိုပါ မူလတန်းကြိုကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းမှကျောင်းအုပ်ဆရာမကြီးဒေါ်ဆန်းမြင့်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ကလေးမြို့ ခုတင်(၃၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ဒေါက်တာပြည့်ဖြိုးအောင်က ဟောပြောသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆန်းမြင့်က ပညာသင်ယူနေသည့်ကျောင်းသား ကျောင်းသူ ၁၀၀ တို့အား Facemask ၁၀ ခုပါ အထုပ် တစ်ထုပ်စီနှင့် လက်သန့်ဆေးဆပ်ပြာရည် တစ်ဘူးစီကို ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဂျိုးနက်**

# ရေအရင်းအမြစ်တိုင်းတာခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မချမ်းဘော ဩဂုတ် ၃**
ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကောင်းမှုလုံကျေးရွာနှင့် ကောင်းမှုလုံစေတီသို့ ဘုရားဖူးလာရောက်သော ရဟန်းရှင်လူပြည်သူအများ သန့်ရှင်းသောသောက်သုံးရေရရှိရန် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ပူတာအိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးစောသီဟ၊ မချမ်းဘောမြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ(နည်းပညာ) ဦးအေးမင်းသူနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်ဇော်ဦးတို့ပါဝင်သောအဖွဲ့သည် ဩဂုတ် ၁ ရက်က နမ့်ခါတိုင်ချောင်းဖျားရေတံခွန်သို့ သွားရောက်၍ ရေအရင်းအမြစ်တိုင်းတာခြင်းလုပ်ငန်းများအား ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**



# "Linkin Park"ရဲ့ တေးအယ်လ်ဘမ်နှစ်ခု ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းမှာ ပြန်လည်ပါဝင်လာ

ပြီးခဲ့တဲ့လကုန်ပိုင်းမှာ ကွယ်လွန်သွားခဲ့တဲ့ ရော့ခ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ချက်စတာဘန်နင်တန်ရဲ့ တေးဂီတအဖွဲ့ " Linkin Park "ရဲ့ တေးအယ်လ်ဘမ်နှစ်ခုဟာ လတ်တလောမှာတော့ ဘေဘုတ်တေးဂီတဇယားပေါ်က ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ၁၀ ခု စာရင်းမှာ ပြန်လည်ပါဝင်လာခဲ့တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ် ၁၀ ခုစာရင်း ထွက်ပေါ်လာချိန်မှာတော့ ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ လန်နာဒယ်လ်ရေးရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Lust for Life"က နံပါတ်(၁)နေရာမှာ ရပ်တည်နေခဲ့တာဖြစ်ပြီး "Linkin Park"ရဲ့ တေးအယ်လ်ဘမ်နှစ်ခုကတော့ ထိပ်တန်းတေးအယ်လ်ဘမ်ဇယားမှာ နံပါတ်(၄)နဲ့ နံပါတ်(၈)နေရာတွေမှာ အသီးသီးရပ်တည်နေတာဖြစ်တယ်လို့လည်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Linkin Park"တေးဂီတအဖွဲ့ရဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ချက်စတာဘန်နင်တန်ဟာ ပြီးခဲ့တဲ့ ဇူလိုင် ၂၀ ရက်က သူ့ရဲ့နေအိမ်မှာ ရုတ်တရက် သေဆုံးသွားခဲ့တာဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့တာဖြစ်တယ်လို့ လော့စ်အန်ဂျလိစ်ရဲတွေက မှတ်ချက်ပြုခဲ့ကြပါတယ်။ ကွယ်လွန်ချိန်မှာ အသက် (၄၁)နှစ်သာရှိသေးတဲ့ ချက်စတာအတွက် ဂီတဝိုင်းတော်သားတွေ၊ မိဘဆွေမျိုး၊ အပေါင်းအသင်းတွေနဲ့ ပရိသတ်တွေပါ အံ့အားသင့်ခဲ့ရပြီး ဝမ်းနည်းခဲ့ကြရတာဖြစ်ပါတယ်။ ဒီလိုကြေကွဲဖွယ်သေဆုံးမှုကတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်တွေကို ထိပ်တန်းတေးအယ်လ်ဘမ်ဇယားမှာ ပါဝင်လာစေတဲ့ အကြောင်းအရင်းတစ်ရပ်လည်းဖြစ်ပါတယ်။

ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် (၁၀)ခုစာရင်းမှာ ပါဝင်လာခဲ့တဲ့ "Linkin Park"ရဲ့ တေးအယ်လ်ဘမ်တွေကတော့ "One More Light"နဲ့ "Hybrid Theory"တို့ဖြစ်ကြပြီး နံပါတ်(၄)နဲ့ နံပါတ်(၈)နေရာတွေမှာ အသီးသီးရပ်တည်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။











# ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်ရဲ့ ဇာတ်ဝင်တေးကို သီဆိုပေးဖို့ ဆွေးနွေးနေတဲ့ ဘီယွန်းစေး

လာမယ့်ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်အတွက် ဇာတ်ဝင်တေးကိုတော့ နာမည်ကျော်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဘီယွန်းစေးက သီဆိုပေးသွားမှာဖြစ်ပါတယ်။ ယခင်က ယင်းရုပ်ရှင်သစ်မှာ ဇာတ်ဝင်တေးသီဆိုပေးမယ့် တေးသံရှင်ဟာ အဒဲလ်ဖြစ်ကြောင်း သတင်းတွေပေါ်ထွက်နေခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ ဘီယွန်းစေးက သီဆိုသွားမှာဖြစ်ကြောင်းနဲ့ ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ ညှိနှိုင်းမှုတွေ ပြုလုပ်နေကြကြောင်း ဂျိမ်းစ်ဘွန်းရုပ်ရှင်အသိုင်းအဝိုင်းမှ ကြားသိခဲ့ရတာကြောင့် အဒဲလ်ရဲ့ ပရိသတ်တွေအတွက်တော့ စိတ်မကောင်းစရာဖြစ်ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စုံထောက်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "007"ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ် "Bond 25"မှာ ဇာတ်ဝင်တေးသီဆိုပေးသွားမယ့် တေးသံရှင်တွေအနက် ဘီယွန်းစေးနိုးလက်စ်က ထိပ်ဆုံးမှ ရပ်တည်နေပြီး လတ်တလောမှာတော့ ဆွေးနွေးဆဲဖြစ်တယ်လို့လည်း သိရပါတယ်။ "Bond 25"ကိုတော့ လာမယ့်နှစ်အတွင်း စတင်ရိုက်ကူးသွားမှာဖြစ်ပြီး ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းမှာ စတင်ရုံတင်သွားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ်မှာ လက်ရှိဂျိမ်းစ်ဘွန်းမင်းသားကြီး ဒန်နီရယ်ခရက်ချ်ကိုပဲ ဂျိမ်းစ်ဘွန်းအဖြစ် ဆက်လက်မြင်တွေ့ရဦးမှာဖြစ်ကြောင်း ယင်းရုပ်ရှင်ထုတ်လုပ်ရေးက အတည်ပြုပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

# ဂိုယွန်နဲ့ ချစ်သူတွေဖြစ်နေတယ်လို့ ကောလဟလသတင်းထွက်နေတဲ့ ဝူရီ

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်တဲ့ ဂိုယွန်ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး လတ်တလောမှာတော့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ အသက် (၃၀)အရွယ်ရှိပြီဖြစ်တဲ့ ဂိုယွန်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်လာသူတော့ သူနဲ့ သက်တူရွယ်တူ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဝူရီပဲ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ အေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားနေကြတဲ့ ကြယ်ပွင့်တွေဖြစ်ကြပြီး ဝူရီကတော့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Rainbow"ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်ကာ လက်ရှိမှာတော့ သရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်နေသူတစ်ဦးလည်းဖြစ်ပါတယ်။ ဂိုယွန်နဲ့ ဝူရီတို့ဟာ အေဂျင်စီတစ်ခုတည်းအောက်မှာ လှုပ်ရှားနေသူတွေဖြစ်တာကြောင့် အေဂျင်စီက ပြုလုပ်တဲ့ အခမ်းအနားတွေမှာ သူတို့နှစ်ဦးအကြားက ထူးခြားတဲ့ဆက်ဆံရေးကို တွေ့ရှိခဲ့တာဖြစ်ကြောင်းနဲ့ သူတို့တွေဟာ တင်းနစ်အသင်းတစ်ခုမှာ ကစားရင်းက စတင်တွေ့ဆုံရင်းနှီးခဲ့ကြတာဖြစ်ပြီး တင်းနစ်ရိုက်ရင်းနဲ့ မကြာခဏဆိုသလို ချိန်းဆိုတွေ့ဆုံမှုတွေရှိခဲ့တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၃ ရက်မှာ ဂိုယွန်နဲ့ ဝူရီတို့ ချစ်သူတွေဖြစ်နေကြကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးဟာ အင်မေးဂျင်းအေးရှားကုမ္ပဏီအောက်မှာ အတူလှုပ်ရှားနေကြခြင်းဖြစ်ကာ ဂိုယွန်ကတော့ ယင်းကုမ္ပဏီဉက္ကဋ္ဌရဲ့သားလည်းဖြစ်ပါတယ်။ ဂိုယွန်ဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ "Iris 2"မှာ ပါဝင်သရုပ်ဆောင်ရင်း လူသိများလာခဲ့ကာ လတ်တလောမှာတော့ tvN က ရိုက်ကူးထုတ်လွှင့်နေတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Criminal Minds"မှာ ပါဝင်သရုပ်ဆောင်ထားကြောင်းလည်း သိရပါတယ်။

လတ်တလောပေါ်ထွက်နေတဲ့ ကောလာဟလတွေနဲ့ပတ်သက်ပြီး ကာယကံရှင်တွေက တစ်စုံတစ်ရာ တုံ့ပြန်ခဲ့ခြင်းမရှိသေးပေမယ့် အေဂျင်စီကတော့ ဆက်သွယ်မေးမြန်းကာ ထုတ်ပြန်ပြောကြားပေးသွားမှာဖြစ်ကြောင်း ဆိုခဲ့တယ်လို့လည်း သိရပါတယ်။



# လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်နေတဲ့ ယူအီးနဲ့ ကန်နမ်

ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ကြေညာခဲ့တာ တစ်လခန့်သာရှိသေးတဲ့ တောင်ကိုရီးယားကြယ်ပွင့်စုံတွဲတစ်တွဲကတော့ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ အဆိုပါကြယ်ပွင့်စုံတွဲကတော့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ယူအီးနဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ကန်နမ်တို့ပဲ ဖြစ်ကြပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ဇူလိုင်လလယ်ပိုင်းလောက်မှာ နှစ်ဦးသားချစ်သူတွေအဖြစ် လက်တွဲနေပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလို အတည်မပြုမီမှာ ဝေဖန်စွပ်စွဲမှုတွေကို နှစ်ကြိမ်တိုင်တိုင် ငြင်းဆိုခဲ့တာဖြစ်ပြီး နောက်ဆုံး နှစ်ဦးသားချိန်းဆိုတွေ့ဆုံနေတဲ့ ပုံရိပ်တွေဟာ အွန်လိုင်းမီဒီယာတွေအကြား ပျံ့နှံ့လာခဲ့တာကြောင့် ကာယကံရှင်တွေဟာ ချစ်သူတွေဖြစ်နေကြောင်း ဝန်ခံခဲ့ကြတာဖြစ်ပါတယ်။

ဒီလို တရားဝင်ထုတ်ဖော်မပြောကြားမီ နှစ်လခန့်က ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်တာကြောင့် ယခုလို လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာချိန်မှာတော့ သူတို့နှစ်ဦးရဲ့ ချစ်သူသက်တမ်းဟာ သုံးလခန့်သာ ရှိသေးတာဖြစ်ပါတယ်။

လတ်တလောမှာတော့ ယူအီးရဲ့ ဖျော်ဖြေရေးအေဂျင်စီက လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ပြီးဖြစ်ကာ ကန်နမ်ရဲ့ အေဂျင်စီကလည်း အလားတူပဲဖြစ်ပါတယ်။ ကာယကံရှင်တွေဘက်ကတော့ တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်းမရှိသေးဘဲ ယူအီးကတော့ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကို ဖျက်သိမ်းထားကြောင်းလည်း သိရပါတယ်။

✻ ✻




ခရစ်မာတင်

ချက်စတာဘန်နင်တန်

ပြီးခဲ့တဲ့လကုန်ပိုင်းမှာ ကွယ်လွန်သွားခဲ့တဲ့ ရော့ခ်တေးသံရှင် ချက်စတာဘန်နင်တန်ကို ဂုဏ်ပြုတဲ့အနေနဲ့ တေးသံရှင် ခရစ်မာတင်က ချက်စတာရဲ့ တေးသီချင်းတစ်ပုဒ်ကို ပြန်လည်သီဆိုဖျော်ဖြေကာ ချက်စတာရဲ့ လက်ရာတွေကို အသက်သွင်းခြင်းဖြင့် ဂုဏ်ပြုခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော မြောက်အမေရိကားမှာ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်နေတဲ့ အမေရိကန်ရော့ခ်တေးဂီတအဖွဲ့ "Coldplay"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ တေးသံရှင် ခရစ်မာတင်က မကြာသေးမီက ကွယ်လွန်သွားခဲ့တဲ့ ရော့ခ်တေးသံရှင် ချက်စတာဘန်နင်တန်ကို ဂုဏ်ပြုတဲ့အနေနဲ့ ချက်စတာရဲ့ တေးဂီတအဖွဲ့ "Linkin Park"ရဲ့ အအောင်မြင်ဆုံးသော တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Crawling"ကို ပြန်လည်သီဆိုပေးခဲ့ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၁ ရက်က နယူးဂျာစီမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ ခရစ်မာတင်က "Crawling"ကို ပြန်လည်သီဆိုပေးခဲ့တာဖြစ်ပြီး တစ်စုံတစ်ယောက်ကို လွမ်းနေကြတဲ့သူတွေအတွက် ရည်ညွှန်းဖျော်ဖြေခြင်းဖြစ်တယ်လို့လည်း သီချင်းစတင်မသီဆိုမီ စင်မြင့်ထက်မှ ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ချက်စတာဘန်နင်တန်ဟာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့ပြီး ရုတ်တရက်ကွယ်လွန်ခဲ့ခြင်းဖြစ်ကာ ချက်စတာရဲ့ သေဆုံးမှုအပေါ် သူ့ရဲ့ ဇနီးသည် တယ်လင်ဒါက "ကျွန်မအနေနဲ့ကတော့ စိတ်တူကိုယ်တူလူတစ်ဦးကို ဆုံးရှုံးလိုက်ရတာဖြစ်ပြီး ကျွန်မရဲ့ကလေးတွေကတော့ သူတို့ရဲ့စိတ်ထဲက သူရဲကောင်းတစ်ဦးကို ဆုံးရှုံးလိုက်ရတာပါ။ ကျွန်မတို့မိသားစုအတွက်ကတော့ ပုံပြင်တစ်ခုထဲရောက်သွားသလိုမျိုးဖြစ်နေပြီး ရှိတ်စပီးယားရဲ့ ဝမ်းနည်းဖွယ်ပြဇာတ်တစ်ခုလိုအလှည့်အပြောင်းတစ်ခုဖြစ်ခဲ့ပါတယ်"လို့ ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်းသိရပါတယ်။

"Linkin Park"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မိုက်ခ်ရှင်နိုဒါကတော့ သူတို့ရဲ့ကွယ်လွန်သွားခဲ့တဲ့ အဖွဲ့ဝင် ချက်စတာအတွက် ကမ္ဘာတစ်ဝန်းမှာ ဂုဏ်ပြုဖျော်ဖြေပွဲတွေ ပြုလုပ်ပေးသွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

အေးပြည့် - စည်းသည်

## မတူကွဲပြားမှုများကိုလက်ခံပြီး ယုံကြည်မှုတည်ဆောက် အေးချမ်းသာယာသော လုံခြုံသည့်လူမှုဘဝဖြစ်ရန် အတူတကွနေထိုင်

**ပဲခူး ဩဂုတ် ၃**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဘာသာပေါင်းစုံ တွေ့ဆုံညှိနှိုင်းပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ်က ခေတ်အဆက်ဆက် ဖြစ်ပွားခဲ့သည့် လူမျိုးရေး ပဋိပက္ခ၊ ဘာသာရေး ပဋိပက္ခမှတစ်ဆင့် နိုင်ငံရေး ပဋိပက္ခအဆင့်ထိ ရောက်ရှိသွားခဲ့သည့် သာဓကများရှိကြောင်း၊ ဒါကြောင့် ဘာသာရေးအင်အားကြီးမားသည့် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးကမ်းလက်အဖွဲ့မှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ပြီး ညှိနှိုင်းတွေ့ဆုံရခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များ အနေဖြင့်လည်း မိမိတို့ ရပ်ကွက်/ကျေးရွာများ၊ မြို့နယ်များတွင် ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများ မဖြစ်ပွားစေရေး သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မတူကွဲပြားမှုများကို လက်ခံပြီး ယုံကြည်မှုတည်ဆောက်ကာ အေးချမ်းသာယာသော လုံခြုံသည့်လူမှုဘဝဖြစ်ရန် အတူတကွနေထိုင်မှသာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုကို တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အတွင်းရေးမှူး ဦးတိုးဝင်းက ပဲခူးတိုင်းဒေသကြီးသည် အခြားပြည်နယ်/တိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော လမ်းဆုံနေရာတစ်ခုဖြစ်၍ ပဋိပက္ခတစ်ခု ဖြစ်ပွားပါက အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ အလျင်အမြန် ကူးစက်သွားနိုင်ကြောင်း၊ ဒီအခြေအနေမျိုးမှာ ဘာသာရေးအဖွဲ့ ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိတို့အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမျိုးစွဲ၊ ဘာသာစွဲ၊ ပါတီစွဲမထားဘဲ နိုင်ငံသားခံယူချက်ဖြင့်သာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘာသာရေးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့ဘာသာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာ တည်ဆဲဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တစ်ဘာသာနှင့် တစ်ဘာသာ လေးစားခြင်း၊ ယုံကြည်ခြင်းများလည်းရှိရန်လိုအပ်ပြီး အထင်အမြင် လွဲမှားစေသည့် အပြုအမူ၊ အပြောအဆိုများကို မပြုလုပ်ကြရန် လိုအပ်ကြောင်း၊အခက်အခဲများရှိလာပါက အစိုးရအဖွဲ့သို့ တင်ပြပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များက ပဲခူးတိုင်းဒေသကြီးအတွင်း လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့မှုများနှင့် မိမိတို့ကိုးကွယ်သည့် ဘာသာအလိုက် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြခဲ့သည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ မတူကွဲပြားသော ဘာသာဝင်အချင်းချင်း တစ်ဦး၏ ဘာသာတရား ယုံကြည်ချက်နှင့်ခံယူချက်များကို အပြန်အလှန်လေးစားလျက်အတူတကွ အေးချမ်းသာယာစွာ နေသွားနိုင်ရေး၊ ဘာသာရေးပဋိပက္ခများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကူညီစောင့်ရှောက်ပေးရေး၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် အမျိုးသားကြန်အင်လက္ခဏာကို ပပျောက်ပျက်အောင် ထိန်းသိမ်းရင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်သည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးကမ်းလက်အဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ယာဉ်အန္တရာယ်၊လမ်းအန္တရာယ်ဖြစ်ပွားမှုသည်ကြီးမားသည့်ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်

**စစ်တွေ ဩဂုတ် ၃**
ရခိုင်ပြည်နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအစည်းအဝေးကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရရုံး ပေါင်းစပ်ညှိနှိုင်းရေးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်မတော်တဆဖြစ်ပွားမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ၊ သေဆုံးမှုများလျော့နည်း ကျဆင်းသွားစေရန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှုအောင်မြင်မည့် လုပ်ငန်းဖြစ်သောကြောင့် ပြည်သူများကိုအသိပညာပေးမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ပွားမှုများသည် လွန်စွာကြီးမားသည့် ခြိမ်းခြောက်မှု တစ်ရပ်အဖြစ် တဖြည်းဖြည်းကြီးထွားလျက်ရှိပြီး အဆိုပါကြီးထွားမှုကို ဟန့်တားထိန်းချုပ်နိုင်ရန် ကမ္ဘာတစ်ဝန်းလုံး၌ အထူးအလေးထားဆောင်ရွက်လာကြပါကြောင်း ပြောကြားသည်။

ထို့နောက်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယ-ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ခိုင်ခိုင်မာမာပြဋ္ဌာန်းခြင်း၊ စည်းကမ်းလိုက်နာရန် တွန်းအားပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ယာဉ်ကြောများကိုဖြေရှင်းနိုင်ရန် စစ်တွေမြို့တွင်းလမ်းများကို တစ်လမ်းမောင်းစနစ်ကျင့်သုံးခြင်း လမ်းဆုံများတွင် အချက်ပြမီးများတတ်ဆင်နိုင်ရေးတို့ကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဖွဲ့ဝင်များကယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြကြပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူးမှ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်က လိုင်စင်မဲ့ယာဉ်များ၊ စည်းကမ်းမဲ့ယာဉ်များကို အရေးယူဆောင်ရွက်မည့်လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီးနိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## ဒေသတွင်း ငါးစားသုံးမှုဖူလုံစေရန် ဝါးပါးဆည်အတွင်း ငါးသားပေါက်ကောင်ရေတစ်သိန်း စိုက်ထည့်

**သထုံ ဩဂုတ် ၃**
မွန်ပြည်နယ် သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်းငါးစားသုံးမှု ဖူလုံစေရန်အတွက် ငါးသားပေါက်ကောင်ရေ တစ်သိန်းကို သထုံမြို့ရှိ ဝါးပါးဆည်အတွင်းသို့ ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် စုပေါင်းကာ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

“ဒီဆည်က ဒေသတွင်း ချောင်းမြောင်းတွေနဲ့ လယ်တွေကို စိုက်ပျိုးရေပေးတဲ့ဆည်ဆိုတော့ ဒီကနေတစ်ဆင့် ငါးမျိုးတွေက အကုန်ရောက်တာပေ့ါ။ ဒါကြောင့် ဒီမှာနှစ်စဉ် မျိုးစိုက်ထည့်ပေးတာ။ ဒီနှစ်ထဲမှာကို သထုံမြို့နယ်ထဲမှာ ဒါနဲ့ပါဆို သုံးကြိမ်ရှိပြီ။ သထုံတစ်ခရိုင်လုံးကိုတော့ လက်ရှိအချိန်အထိ ငါးသားပေါက်ကောင်ရေ သုံးသိန်းကျော်လောက် မျိုးစိုက်ထည့်ပြီးပါပြီ”ဟု မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း(သထုံ)မှ စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးဝင်းဗိုလ်က ပြောသည်။

အဆိုပါငါးမျိုးစိုက်ထည့်ရာတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဒု-ပြည်နယ်မှူး ဦးစိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ငါးမြစ်ချင်းသားပေါက်ကောင်ရေ တစ်သိန်းအား ဆည်အတွင်းသို့ စုပေါင်းစိုက်ထည့်ပေးခဲ့ကြသည်။

မွန်ပြည်နယ်ငါးလုပ်ငန်းစခန်း(သထုံ) အနေဖြင့် ယခုနှစ်တွင် ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ ငါးကြင်းဖြူ၊ ငါးသိုင်းခေါင်းပွ၊ တီလားဗီးယား၊ မြက်စားငါးကြင်းစသည့် ငါးသားပေါက်ကောင်ရေ ရှစ်သိန်းခန့်အား မွန်ပြည်နယ်အတွင်းရှိ မြစ်၊ ချောင်း၊ ဆည်မြောင်းများနှင့် တောင်သူများ၏ လယ်ကြားတူးမြောင်းများသို့ ဒေသတွင်းငါးမျိုးများပြန့်ပွားစေရေးအတွက် အခမဲ့မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ကြက်ငှက်တုပ်ကွေးရောဂါ H1N1နှင့် H5N1 ကြိုတင်ကာကွယ်ရေးအသိပညာပေး

**ဘုတ်ပြင်း ဩဂုတ် ၃**
ကြက်ငှက်တုပ်ကွေး H1 N1 နှင့် H5 N1 ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လိုက်လံစစ်ဆေးခြင်းလုပ်ငန်းကို ဩဂုတ် ၂ ရက်က ဘုတ်ပြင်းမြို့နယ် အလယ်မန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်တို့တွင် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အသိပညာပေးဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါက်တာ အေးမင်းထွေးက H5N1 ဗိုင်းရပ်စ်ပိုးအကြောင်း၊ တိရစ္ဆာန်များမှ လူများသို့ကူးစက်ပုံများနှင့် ရောဂါပိုးစတင်တွေ့ရှိမှုဆိုင်ရာသိသင့်သိထိုက်သည်များ၊ ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများ၊ ရောဂါကာကွယ်မှုဆိုင်ရာသိသင့်သည်များ၊ ကြက်ခြံများရှိကြက်များသေဆုံးမှုနှင့် သံသယဖြစ်ဖွယ်များဖြစ်ပေါ်လာပါက သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံးအကြောင်းကြားနိုင်ရေးပြောကြားသည်။

မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ဖြူဖြူအောင်က H1N1 ဗိုင်းရပ်စ်ပိုးအကြောင်းနှင့်ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် မိမိပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးတို့ အထူးအလေးထားနေထိုင်သင့်သည်များနှင့် ရာသီတုပ်ကွေးနှင့်ပတ်သက်သည်များ အသိပညာပေးပြောကြားသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက ယနေ့မြို့ကြီးတချို့တွင် ဖြစ်ပွားကူးစက်နေသည့် ကြက်ငှက်တုပ်ကွေးရောဂါ H1N1နှင့် H5N1 တနင်္သာရီတိုင်းဒေသကြီးအတွင်း ရောဂါစတင်တွေ့ရှိမှုဆိုင်ရာ သိသင့်သိထိုက်သည်များ၊ လူမှုကွန်ရက်စာမျက်နှာ(သတင်း)များအား ချင့်ချိန်သုံးသပ်ကာ စိုးရိမ်မှုမလွန်ကဲရေး မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် သတင်းဖြစ်စဉ်အမှန်များအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးမှုလုပ်ငန်းများအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်များမှ မွေးမြူရေးလုပ်ကိုင်သူများ၊ ဒေသခံပြည်သူများအားH1N1 နှင့် H5N1 နှင့် ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်းသိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

## ရန်ကုန်–မန္တလေးကားလမ်းဖြတ်သန်းရာမြို့များ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ရေတာရှည် ဩဂုတ် ၃**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ရန်ကုန်-မန္တလေး ကားလမ်းဖြတ်သန်းသွားသည့် လူစည်ကားရာနေရာများအား ယာဉ်အန္တရာယ်ဖြစ်ပွားမှု မရှိစေရန် မြို့နယ်ရဲတပ်ဖွဲ့က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကုန်တင်ယာဉ်နှင့်ယာဉ်ကြီး/ယာဉ်ငယ်များအား မြို့တွင်းဖြတ်သန်းချိန်၌ သတ်မှတ်အချိန်နှုန်းဖြင့်မောင်းနှင်ရန် ဆောင်ရွက်ထားသော်လည်း လိုက်နာမှုအားနည်းသည့်အတွက် ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး ဒု-ရဲမှူး ကြည်ဖေဦးစီးသည့်အဖွဲ့က အထကကျောင်းရှေ့၊ ဈေးလမ်းဆုံနှင့် ဘူတာလမ်းဆုံများတွင် နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်ကိုတွေ့ရသည်။

“ကျွန်တော်တို့စခန်းက တပ်ဖွဲ့ဝင် ရဲမေတွေကော အခြားအဆင့်တွေပါ ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်လောက်တဲ့ နေရာတွေမှာ ချပေးထားပါတယ်။ အဓိကကတော့ ကျောင်းဆင်း ကျောင်းတက်ချိန်တွေမှာ ကျောင်းသား ကျောင်းသူတွေ ယာဉ်အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးနဲ့ လမ်းသွားလမ်းလာသူများကို အန္တရာယ်မဖြစ်အောင်လို့ပါ”ဟု ဒု-ရဲမှူး ကြည်ဖေကပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ငြိမ်းချမ်းရေးဂီတပွဲတော်–၂၀၁၇ သီချင်းဆိုပြိုင်ပွဲ ပုသိမ်မြို့တွင် အသံစတင်စစ်ဆေး

**ပုသိမ် ဩဂုတ် ၃**
နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူးကျင်းပသော ငြိမ်းချမ်းရေးဂီတပွဲတော်-၂၀၁၇ သီချင်းဆိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပါဝင်ယှဉ်ပြိုင်သီဆိုကြသူများ၏ အသံစစ်ဆေးခြင်းကို ဩဂုတ် ၃ ရက် နံနက် ၈ နာရီမှစ၍ ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ စတင်ကျင်းပသည်။

အကဲဖြတ်ဒိုင်များအဖြစ် တေးရေးဆရာနောင်နောင်(SF)၊ တေးသံရှင်နွဲ့ယဉ်ဝင်းတို့က ဆောင်ရွက်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များကို အသံစစ်ဆေးကာ ရလဒ်ကိုနေ့ချင်းပြီး ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။

အသံစစ်ဆေးခံယူရန် လျှောက်လွှာတင်ထားသူ ၂၅၄ ဦးရှိပြီး ၎င်းတို့ထဲမှ အသံစစ်အောင်မြင်သူများကို ဩဂုတ် ၆ ရက်တွင် ပုသိမ်မြို့တော်ခန်းမ၌ ဆက်လက်ယှဉ်ပြိုင်စေပြီး အဆိုပြိုင်ပွဲကျင်းပပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ရုပ်သံလိုင်း၌ ည ၈နာရီခွဲတွင် တိုက်ရိုက်(LIVE) ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်းသိရသည်။

**မောင်မောင်မြင့်(iprd)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# အောက်ခြေဝန်ထမ်းများ၏ အခက်အခဲကိုသာ ဖြေရှင်းဖြည့်ဆည်းပေးနိုင်မည်ဆိုလျှင်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ပြည်သူ့ထောက်ခံမှုတစ်ခဲနက်ရရှိထားသော လက်ရှိအစိုးရသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ထိုစဉ်ကပြည်သူများ လမ်းမများပေါ်ထွက်၍ အောင်ပွဲခံခဲ့ကြသည်။ နိုင်ငံတကာမှလည်း ရွေးကောက်ပွဲကိုတရားမျှတမှုရှိသည်ဟုအသိအမှတ်ပြုခဲ့သည်။ ထိုပါတီသည် "ပြောင်းလဲချိန်တန်ပြီ" ဆိုသောခေါင်းစဉ်ဖြင့် ပြည်သူ့အသည်းကိုကိုင်လှုပ်ခဲ့ခြင်းဖြစ်သည်။ ပြည်သူများကလည်းပြောင်းလဲမှုကို လိုလားတောင့်တနေသည်မှာ ဆယ်စုနှစ်များစွာကြာနေပြီဖြစ်သည်။ အစိုးရသစ်တစ်ရပ်တာဝန်ယူမှသာလျှင် အဘက်ဘက်မှတိုးတက်လာမည်ဟုမျှော်မှန်းခဲ့ကြသည်။ စိတ်ကူးနှင့် ပျော်ခဲ့ကြရသည်။

## အစိုးရသစ်၏ တာဝန်ထမ်းဆောင်မှု

လက်ရှိအစိုးရသည် ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အာဏာကိုညင်သာချောမွေ့စွာ လွှဲပြောင်းလက်ခံနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးသည် ပြည်ထောင်စုလွှတ်တော်၌မိန့်ခွန်းပြောကြားခဲ့သည်။ အစိုးရအသစ်ကိုဖွဲ့စည်းခဲ့သည်။ နိုင်ငံ့ဘဏ္ဍာလျှော့ချနိုင်ရေးအတွက် ဝန်ကြီးဌာနအချို့ကို ပြင်ဆင်ဖွဲ့စည်းသည့်အပြင် ဒုတိယဝန်ကြီးများမခန့်ဘဲ ဝန်ကြီးများကိုသာခန့်အပ်ပေးခဲ့သည်။ ထို့နောက် ရက် ၁၀၀ စီမံကိန်းကိုထုတ်ပြန်ခဲ့သည်။ အစိုးရ၏လုပ်ငန်းစဉ်များသည် အားတက်ဖွယ်ရာပင်ဖြစ်သည်။ ပြည်သူတစ်ဦး၊ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် တိုင်းပြည်တိုးတက်စည်ပင်သာယာဝပြောလာတော့မည်ဟု စိတ်ကူးနှင့်ပျော်ခဲ့ရသည်။

## နိုင်ငံတကာဆက်ဆံရေး

အစိုးရအာဏာလွှဲပြောင်းလက်ခံပြီးနောက် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အထူးသဖြင့် နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ကြသည်။ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့ကို တွေ့ဆုံခဲ့ကြသည်။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင်မျက်နှာပွင့်လာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ဂုဏ်ယူမိသည်မှာအမှန်ပင်ဖြစ်သည်။

## မြန်မာနိုင်ငံခေါင်းဆောင်များ၏ ပြည်ပချစ်ကြည်ရေးခရီးစဉ်များ

နိုင်ငံတော်သမ္မတကြီးနှင့်ဇနီးတို့သည် ဒေသတွင်းနိုင်ငံများသို့ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့သည့်အပြင် တချို့သော အစည်းအဝေးများကိုလည်း တက်ရောက်ခဲ့ပါသည်။ အထူးသဖြင့်သမ္မတကြီးသည် အစည်းအဝေးများတွင် အင်္ဂလိပ်လိုပီသစွာပြောဆိုဆွေးနွေးနိုင်ခဲ့သည်။ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးသည် အလုပ်သဘောချစ်ကြည်ရေး ခရီးစဉ်များအပြင် အစည်းအဝေးများ၊ ဆွေးနွေးပွဲများတက်ရောက်ရန်အတွက် ဒေသတွင်းနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမေရိကနိုင်ငံများအထိပါ ခရီးရှည်ဆန့်ခဲ့သည်။ အာဆီယံ အစည်းအဝေးများတွင်နိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်နိုင်ခဲ့သည်။ အမေရိကန်အပါအဝင် ဥရောပနိုင်ငံ အချို့၏ ပိတ်ဆို့မှုများကိုဖြေလျှော့ပေးရန် ဆွေးနွေးနိုင်ခဲ့သည်။ ထောက်ပံ့ငွေနှင့်ချေးငွေများလည်းရရှိအောင်ဆောင်ကြဉ်းနိုင်ခဲ့ပါသည်။ တိုင်းပြည်အတွက်အားတက်ဖွယ်ရာများဖြစ်ပါသည်။

## အထနှေးသောစီးပွားရေး

အစိုးရသစ်တက်လာပြီးနောက်ပိုင်း မူဝါဒအချို့ပြောင်းလဲမှုကြောင့်ကားဈေးများမြင့်တက်လာခြင်း၊ အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ်အေးလာခြင်း၊ ဒေါ်လာဈေးနှင့်ရွှေဈေးတက်လာခြင်းတို့ကြောင့် အခြေခံစားကုန်ဈေးနှုန်းများလည်း တရိပ်ရိပ်မြင့်တက်လာခဲ့သည်။ အထူးသဖြင့် စိုက်ပျိုးရေးထုတ်ကုန်များသည်ထင်သလောက်ဈေးမရခဲ့ချေ။ တိုင်းပြည်လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်နေပြည်သူများ၊ အထူးသဖြင့်လူငယ်များသည်လယ်သမားဘဝကိုစွန့်ပြီး ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းလုပ်ကိုင်လာကြသည်။ ပြည်ပနိုင်ငံများသို့ထွက်ခွာပြီး ရရာအလုပ်ကိုလုပ်ကိုင်လာကြရသည်။

လက်ရှိအာဏာရပါတီက တာဝန်ရှိသူအချို့ကလည်း လွန်ခဲ့သောတစ်နှစ်အတွင်း စီးပွားရေးအထနှေးသည်ကို ဝန်ခံခဲ့သည်။ သို့သော်တာဝန်ရှိသူတစ်ဦးကမူ မြန်မာ့စီးပွားရေးကို ပြေးလမ်းပေါ်သို့ရောက်နေသည့် လေယာဉ်တစ်စင်းနှင့်နှိုင်းယှဉ်၍ဥပမာပေးခဲ့သည်။ ဆိုလိုသည်မှာ အရှိန်အဟုန်နှင့်ပျံတက်ဖို့သာရှိနေသည့်သဘောဖြစ်သည်။ ရှောရှောရှူရှူပျံတက်နိုင်မည်ဆိုလျှင်ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သို့သော် ထိုလေယာဉ်သည် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှု ပစ္စည်းများပြည့်စုံနေပြီလားဆိုသည်ကိုမူ စေ့စပ်သေချာစွာ စစ်ဆေးသုံးသပ်မှုအပိုင်းလိုနေသေးမည်ဟုထင်မိပါသည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

နိုင်ငံခြားမှစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံသို့ တဖွဲဖွဲဝင်ရောက်ခဲ့ကြသည်။ သို့သော် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များနှင့်မြန်မာအစိုးရတို့အကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးသည့်အခမ်းအနားများကိုမူ မီဒီယာများတွင် သိပ်မတွေ့ခဲ့ရပေ။ ပြည်ပရင်းနှီးမြှုပ်နှံသူများသည် စီးပွားရေးလုပ်ငန်းအတွက် အခရာကြသည့် လျှပ်စစ်မီးလိုအပ်ချက်နှင့်မြေဈေးခေါင်ခိုက်နေမှုတို့ကြောင့် လက်တွန့်သွားကြသည်။ လေ့လာရုံသဘောလောက်သာ ဝင်လာပြီးပြန်သွားကြသည်။ စီးပွားရေးလုပ်ငန်းအတွက် အခြေခံအဆောက်အအုံများလည်းလောက်လောက်လားလားပေါ်မလာသေးပေ။

## အထွေထွေကျပ်တည်းလာသော အောက်ခြေဝန်ထမ်းများ

အစိုးရသစ်တက်လာပြီးနောက်ပိုင်း အခြေခံစားကုန်များသည် တရိပ်ရိပ်မြင့်တက်လာခဲ့သည်။ ကန်စွန်းရွက်တစ်စည်းကိုပင် ငွေကျပ် ၂၀၀ - ၃၀၀ ကျပ်လောက်ပေးနေရသည်။ ဆန်၊ ဆီ၊ ဆား ၊ ငရုပ်၊ ကြက်သွန်၊ အာလူးစသည့် စားသောက်ကုန်များသည် နှစ်ဆနီးပါးမြင့်တက်သွားသည်။ အသား၊ ငါးသည်ပြောဖွယ်ရာမရှိချေ။ အဝတ်အထည်နှင့် ဖိနပ်ပစ္စည်းများကလည်း ခေါင်ခိုက်လျက်ရှိသည်။ သို့သော်ဝန်ထမ်းများ၏ လစာသည် ပြောင်းလဲမှုမရှိချေ။

ကျောင်းသားရှိသော ဝန်ထမ်းများသည် ပို၍ကသီလင်တနိုင်လှသည်။ လစဉ်ကျူရှင်ခအပြင် ကျောင်းဝတ်စုံ၊ ထီး၊ ဖိနပ်၊ မိုးကာ၊ စာအုပ်စသည့်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းကလည်းခေါင်ခိုက်လျက်ရှိသည်။ ဝန်ထမ်းတစ်ဦးသည် လကုန်လျှင် အမြဲတမ်းခေါင်းခဲရပါသည်။ ကလေးကျောင်းစရိတ်၊ စားစရိတ်၊ အခြားသော ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အသုံးစရိတ်ကို ကြိုတင်တွက်ချက်ခွဲဝေထားရသည်။ ကုန်ဈေးနှုန်းသည် နေ့စဉ်မြင့်တက်နေသော်လည်း ရရှိသောလစာကမူ ပြောင်းလဲမှုမရှိချေ။ ထို့ကြောင့် ခြိုးခြံချွေတာကြရသည်။ အသားငါးကိုလျှော့၍စားရသည်။ ဆန်ချောအစား ဆန်ကြမ်းကို ပြောင်းစားကြရသည်။ အဝတ်အထည်ကိုလည်း ဈေးအနိမ့်ဆုံးကိုဝယ်ဝတ်ကြရသည်။ မိသားစုနှင့် အတူအပြင်ထွက် အပန်းဖြေဖို့ရန်သည် မတွေးရဲသောခေါင်းစဉ်ပင်ဖြစ်လာသည်။

## အဂတိလိုက်စားလာရသောဝန်ထမ်းများ

ရှေးယခင်က ကမ္ဘာပေါ်တွင် ဂေါ်ဇီလာများရှိခဲ့သည်ဟုဆိုသည်။ ထိုဂေါ်ဇီလာများသည် အကောင်ကြီးသော်လည်း အာဟာရပြည့်ဝအောင်မစားရသည့်အပြင် ရာသီဥတုဒဏ်ကိုပါမခံနိုင်ကြသဖြင့် မျိုးတုံးပျောက်ကွယ်သွားကြရသည်။ သို့သော်အကောင်သေးသော ပုရွက်ဆိတ်ကလေးများသည် အစာအာဟာရလုံလောက်သည့်အပြင် ရာသီဥတုဒဏ်ကိုပါ ခံနိုင်ကြသဖြင့်လက်ရှိအချိန်အထိ သက်ရှင်ကြွင်းကျန်လျက်ရှိသည်။ ထိုနည်းတူစွာ လူသားတို့သည်လည်း အာဟာရပြည့်ဝအောင်မစားရလျှင် တစ်နေ့တွင် ပျောက်ကွယ်သွားကြရမည်ဖြစ်သည်။ ထို့ကြောင့်အသက်ရှင်ကြွင်းကျန်နိုင်ရန်အတွက်ရှာဖွေစားသောက်နေကြရသည်။ ထိုသဘောတရားအရ အချို့သောအောက်ခြေဝန်ထမ်းများသည် မွေးရာပါကိုယ်ကျင့်တရား မည်မျှပင်ကောင်းနေစေကာမူ မိသားစုစားဝတ်နေရေးအတွက် အဂတိလိုက်စားနေကြရသည်။

စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းက "ကျွန်တော်တို့နိုင်ငံတွင်ဝန်ထမ်းများ အဂတိလိုက်စားမှုကင်းရှင်းရေးအတွက် လစာနှင့်စရိတ်ကို ဖူလုံအောင်ပေးထားကြောင်း၊ ဝန်ထမ်းများအပိုင်းကလည်းရယူထားသည့် လစာနှင့်ထိုက်တန်အောင်အလုပ်လုပ်ကြရကြောင်း" ပြောဆိုခဲ့သည့် အင်တာဗျူးတစ်ခုကို ဖတ်ဖူးပါသည်။ မှတ်သားအတုယူထိုက်ပါသည်။ ဝန်ထမ်းတစ်ဦး ရရှိနေသောလစာသည် သူ့မိသားစုအတွက် စားဝတ်နေရေးစရိတ်ကိုမျှဖူလုံမှုမရှိလျှင် ထိုဝန်ထမ်းသည်ထွက်ပေါက်ရှာရတော့မည်ဖြစ်သည်။ ထို့ကြောင့် လက်ရှိမြန်မာနိုင်ငံတွင် အောက်ခြေဝန်ထမ်းများကြုံတွေ့နေရသည့်အခက်အခဲများကိုသုံးသပ်ပြီး တစ်နည်းနည်းဖြင့် ကုစားပေးသင့်ပါသည်။ သို့မှသာလျှင်နိုင်ငံသားတို့၏စာရိတ္တကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

## အစိုးရယန္တရားကြီးချောမွေ့စွာလည်ပတ်နိုင်ရေး

နိုင်ငံတစ်နိုင်ငံ၏ကံကြမ္မာကို အုပ်ချုပ်သောအစိုးရများက ဖန်တီးလေ့ရှိကြသည်။ ထိုအစိုးရအဖွဲ့များကို ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့်သာ ဖွဲ့စည်း၍ရနိုင်မည်မဟုတ်ချေ။ အဆင့်ဆင့်သော ဝန်ထမ်းများ၏လုပ်အားများလည်းလိုအပ်နေမည်ဖြစ်သည်။ အထူးသဖြင့် အောက်ခြေဝန်ထမ်းများ၏ပံ့ပိုးမှုများ များစွာလိုအပ်ပါသည်။ ထိုဝန်ထမ်းများသည်လုပ်ငန်းခွင်တွင် ပျော်မွေ့နေမှသာလျှင် အစိုးရယန္တရားကြီးသည် အခက်အခဲမရှိလည်ပတ်နေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများသည် မိမိလက်အောက်ရှိ အောက်ခြေဝန်ထမ်းများ၏သက်သာချောင်ချိရေးကိုလျစ်လျူရှုမထားသင့်ချေ။ ထိုသို့ လျစ်လျူရှုထားမည်ဆိုလျှင် သား၊ သမီးများအတွက် တာဝန်မကျေပွန်သောမိဘများနှင့် အလားသဏ္ဌာန်တူနေမည်ဖြစ်သည်။ ဆိုလိုသည်မှာ ပထွေးနှင့်မိထွေးများလိုဖြစ်နေကြမည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံတွင် အစိုးရဝန်ထမ်းအရေအတွက်သည် အနည်းစုသာရှိကြပါသည်။ သို့သော် ထိုလူနည်းစုကပင် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် အခရာကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ဝန်ထမ်းများသည် တာဝန်ကိုကျေပွန်စွာမထမ်းဆောင်လျှင်သော်လည်းကောင်း၊ အဂတိလိုက်စားနေလျှင်သော်လည်းကောင်း တိုင်းပြည်၏ဘဏ္ဍာများ လေလွင့်ဆုံးရှုံးနေမည်ဖြစ်သည်။ ထိုသို့မဆုံးရှုံးရလေအောင် ဝန်ထမ်းများ၊ အထူးသဖြင့် အောက်ခြေဝန်ထမ်းများကို ခေတ်နှင့်လျော်ညီသည့် ထိုက်သင့်သောလစာ၊ စရိတ်များပေးထားသင့်ပါသည်။ သို့မှသာလျှင်တိုင်းပြည်ကုန်ထုတ်လုပ်ငန်းများကို အင်တိုက်အားတိုက်ထမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။ ဝန်ထမ်းများအပိုင်းကလည်းရယူထားသည့်လစာ၊ စရိတ်နှင့်ထိုက်တန်စွာ တိုင်းပြည်ကိုအလုပ်အကျွေးပြုသွားရန်လိုအပ်ပါသည်။ အစိုးရနှင့် ဝန်ထမ်းများသည်တစ်ဦးနှင့်တစ်ဦး "ကိုင်းကျွန်းမှီကျွန်းကိုင်မှီ" ဆိုသလို အပြန်အလှန် အမှီသဟဲပြုနေကြရပါသည်။ အစိုးရအဖွဲ့က ဝန်ထမ်းများအပေါ် ကရုဏာထားသလို ဝန်ထမ်းများအပိုင်းကလည်းအစိုးရအပေါ် သစ္စာစောင့်သိဖို့လိုအပ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်သူများကရွေးချယ်တင်မြှောက်ထားသောအစိုးရသည် အောက်ခြေဝန်ထမ်းများ၏အခက်အခဲကို အလေးတယူ ဖြေရှင်းဖြည့်ဆည်းပေးနိုင်ပါစေဟုရိုးသားစွာ ဆန္ဒပြုအပ်ပါသည်။ ။

> ➢ ပြည်သူတစ်ဦး၊ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ဦး အနေဖြင့် တိုင်းပြည်တိုးတက်စည်ပင်သာယာဝပြောလာတော့မည်ဟု စိတ်ကူးနှင့်ပျော်ခဲ့ . . .
>
> ➢ ကုန်ဈေးနှုန်းသည် နေ့စဉ်မြင့်တက်နေသော်လည်း ရရှိသောလစာကမူ ပြောင်းလဲမှုမရှိ . . .
>
> ➢ အစိုးရဝန်ထမ်းများသည် တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများတွင် အခရာကျသော အခန်းကဏ္ဍမှ ပါဝင် . . .
>
> ➢ ပြည်သူများကရွေးချယ်တင်မြှောက်ထားသောအစိုးရသည် အောက်ခြေဝန်ထမ်းများ၏အခက်အခဲကို အလေးတယူဖြေရှင်းဖြည့်ဆည်းပေး . . .

# ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီး

(၁၁၇) ကြိမ်မြောက်၊ (၁၂၀) နှစ်ပြည့် ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီးကို -



ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်

၁၃၇၉ - ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက် (၂.၉.၂၀၁၇) နေ့မှ တော်သလင်းလပြည့်ကျော် (၁) ရက် (၆.၉.၂၀၁၇) နေ့အထိ (၅) ရက် တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။

၁၃၇၉ - ခုနှစ်၊ တော်သလင်းလဆန်း (၁၃) ရက် (၃.၉.၂၀၁၇) နေ့ နေ့လည် (၁) နာရီမှ စတင်၍ ဗုဒ္ဓမြတ်စွယ်တော်ကို ဆင်ရထားနှာပေါ်သို့ ပင့်ဆောင်ပြီးယင်း - နိပါတ် - ဘာသာရေးအဖွဲ့အစည်းများ လိုက်ပါခြံရံလျက် မြို့ပေါ်သို့ လှည့်လည် အပူဇော်ခံပါမည်။

၁၃၇၉ - ခုနှစ်၊ တော်သလင်းလဆန်း (၁၄) ရက် (၄.၉.၂၀၁၇) နေ့မှ တော်သလင်းလပြည့် (၅.၉.၂၀၁၇) နေ့ ည (၁၀) နာရီအထိ ဗုဒ္ဓမြတ်စွယ်တော်ရထားနာ ကို စိန်ကြုတ်မှ ဖွင့်လှစ်၍ ပကတိအတိုင်း ပူဇော်ခံ ထားရှိမည် ဖြစ်သည်။

ဆေးလိုင်ခန်းများကို - ၁၃၇၉ - ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆) ရက်နေ့ (၁၃.၈.၂၀၁၇) နေ့ နံနက် (၉) နာရီ အချိန်တွင် ယခင်နှစ်များအတိုင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

ဈေးဆိုင်ဟောင်းများကို တော်သလင်းလဆန်း (၁) ရက် (၂၂.၈.၂၀၁၇) နေ့ မှ စ၍ တော်သလင်းလဆန်း (၃) ရက် (၂၄.၈.၂၀၁၇) ရက်နေ့အထိ ရောင်းချပြီး ဈေးဆိုင်သစ်များကို တော်သလင်းလဆန်း (၄) ရက် (၂၅.၈.၂၀၁၇) ရက်နေ့မှ စတင်ရောင်းချပါမည်။

"ဗုဒ္ဓမြတ်စွယ်တော် နှင့် ပါတ်သက်သော အမှတ်တရ အင်္ကျီ - ပြက္ခဒိန် - ဓာတ်ဆီ - CD ခွေများ လုံးဝရောင်းချခွင့်မပြု။"

အခြားမြို့နယ်များသို့ အလှူခံ စေလွှတ်ခြင်းမရှိပါ။

မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့ ပေါင်းတည်မြို့၊
ဖုန်း - ၀၅၃ - ၃၈၁၁၀

## အမည်မှန်

ဦးအေးမင်းသိန်း[၁၂/ဥကတ (နိုင်)၀၃၃၃၁၄]၏သား၊ အထက၊ လှည်းကူး၊ ဒသမတန်း(က)တွင် ပညာသင်ကြားနေသော မောင်အောင်ခန့် ဖုန်း-၅၄၆/၁၀၏ အမည်မှန်မှာ မောင်အောင်ခန့်ဘုန်း ဖြစ်ပါသည်။

## ရောင်ခြည်ထစ်

အိမ်ခြောင်း/အိမ်ရှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

## သားသားလေးရွှေပြည်ဖြိုးမောင်(ခ)MORRIS

(၆) နှစ်ပြည့် Happy Birthday

သားလေးရွှေပြည်ဖြိုးမောင်၏ (၄-၈-၂၀၁၇) ရက်တွင်ကျရောက်သော (၆) နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပြီး ပညာအရာတွင် ထူးချွန်ထက်မြက်လိမ္မာသော သားလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . .

ဘိုးဘိုး၊ ဘွားဘွား
ကြီးကြီး၊ တီတီ၊ မမ သွန်းဝတီ(ခ)Elder
B-4 ကမ္ဘာအေးဗီလာ

Probox လချုပ် ငှားရန်ရှိသည်။
အနက် 3L MDY 1.3 GL
ကားသန့်
Ph : 09-5095916, 09 - 796366773

ယာဉ်မောင်းအလိုရှိသည်
CNG TAXI
Toyota Corolla CNG TAXI
နေ့မောင်းတလက်တိုင်၊ ခေါ်
200000/- ဗိုလ်တထောင်မြို့နယ်။
Ph : 09 5174219

SS LION

Building (20), Room (3), Hninsi Street, (Near Yuzana Plaza), Tamwe Tap, Yangon. Ph : 01-206 341, 01-200 747 (Ext-7954)
HP: 09 96 510 5194, 09 968 206 341, 09 78 510 5194




SPECIALIZING IN SUPERMARKET, STORE & FASHION

EVER TOP
Ph:09254903604
09799656514
0973040610

| ဂျပန် | တရုတ် | အင်္ဂလိပ် |
|---|---|---|
| 4-Skills | ကိုရီးယား<br>EPS TOPIK / 4-Skills | Top English<br>Saya William<br>4-Skills(General)<br>Phonetics<br>Grammar+Writing |
| N5,N4,N3,N2,N1 | | |

## အမည်ပြောင်း

ဦးနိုင်စိုး[၇/တငန(နိုင်)၁၂၀၆၅၅]၏သား၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ အထက(၂)၊ တတိယတန်း(D)မှ မောင်သော်ဇင်ဝင်းထွန်းအား မောင်ညက်လင်းထက်ဟု ခေါ်ဆိုပါရန်

## အမည်ပြောင်း

ဦးနိုင်စိုး[၇/တငန(နိုင်)၁၂၀၆၅၅]၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၄)ရပ်ကွက်၊ အထက(၂)၊ နဝမတန်း(D)မှ သမီး မနွေးဝသန်လှိုင်(ခ)မနှင်းဝတ်ရည်အား မယွန်းမိမိအောင် ဟုခေါ်ဆိုပါရန်။

Located at the entrance of Mandalay

GARDEN CITY
Apartment Complex

နှစ်ရှည် အရစ်ကျ ငွေပေးချေစနစ်ဖြင့် တိုက်ခန်းဝယ်ယူနိုင်မည့် အခွင့်အလမ်းကောင်း

A City Within A City



လက်ရှိတာဝန်ထမ်းဆောင်နေဆဲ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက
၅% Discountဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

Maintenace
- Electricity & Water Supply
- Housekeeping
- Security
- Infrastructure

Facilities
- Lift
- Landscape
- Rubbish Chute System
- Retail Area

Developed By: MGC CONSTRUCTION CO.,LTD.

A subsidiary of New Starlight Group of Companies

ဆက်သွယ်ရန်လိပ်စာ - မင်္ဂလာမန္တလေးအတွင်းရှိ Information Center , ၃၃ လမ်း၊ သခင်လမ်းနှင့် ဗုဒ္ဓဂါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
Hotline +959 431 48 577, +959 431 48 588, +959 222 2 222

နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့်
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍
MRTV, FOREVER GROUP နှင့် ရွှေသံလွင်မီဒီယာ SKY NET တို့မှ ဂုဏ်ယူစွာတင်ဆက်သည်
ငြိမ်းချမ်းရေး ဂီတပွဲတော် ၂၀၁၇
Peace Music Festival 2017
Level-1
LIVE on MRTV
Stage Rehearsal
Level 1 Live
mitv MRTV-4 MNTV Channel7 myanmar

# မွေးနေ့ဆုတောင်းမင်္ဂလာ

အန်တီ ဒေါ်Sခေါ်ငနန်းရဲ့ ၄-၈-၂၀၁၇ရက်မှာ ကျရောက်သည့် မွေးနေ့မှစ၍ နောင်နှစ်ပေါင်း(၁၀၀)တိုင် ကျန်းမာပျော်ရွှင် အောင်မြင်စွာဖြင့် ချစ်ရတဲ့ မိသားစုနဲ့အတူ အမျိုးဘာသာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်။

**Palm Spring Executive Residence**
**ဟိုတယ်မိသားစု**

## မြန်မာစကျော် ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အရင်းအနှီးလိုအပ်သော လုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများကို နွေးထွေးမှုဖြင့် ဖိတ်ခေါ်အပ်ပါသည်။
(က) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထူးစိတ်ဝင်စား၍ လုပ်ငန်းအတွေ့အကြုံရှိသူ။
(ခ) ကိုယ်ကျင့် သိက္ခာနှင့်ပြည့်စုံပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊အများအတွက် ကိုယ်ကျိုးစွန့်ရဲသည့်စိတ်ဓာတ်ကို အခြေခံ၍ ဆောင်ရွက်နိုင်သူ။
(ဂ) မိမိ၏ လုပ်ငန်းအောင်မြင်လည်ပတ်နေမှုနှင့် ဘဏ္ဍာရေးအခြေအနေအား တင်ပြနိုင်သူ။
(ဃ) ယှဉ်ပြိုင်အရွေးချယ်ခံလုပ်ငန်းရှင် ကိုယ်စားလှယ်လောင်းအား ၄င်းဒေသရှိ လုပ်ငန်း ရှင်ကြီးနှစ်ဦးမှ အာမခံမိတ်ဆက်ပေးနိုင်ရမည်။
(င) နိုင်ငံရေး စီးပွားရေး အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ ငွေစာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရပ်တစ်ခုခု ကျွမ်းကျင်ပိုင်နိုင်သူဖြစ်ပါက ဦးစားပေး ရွေးချယ်ပါမည်။
(စ) စိစစ်ရွေးချယ်ခံရသူအား လူထုအတွက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆထက် ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ရန် စီးပွားရေးအထောက်အပံ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအဆင့်ရှိ စီမံခန့်ခွဲမှုနည်းပညာရပ်များကိုပါကူညီထောက်ပံ့ပေးပါမည်။
(ဆ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်ခရိုင်တစ်ခုချင်းစီမှ တစ်ဦးနှုန်း စိစစ်ရွေးချယ် သွားမည်ဖြစ်ပါသည်။

**စိတ်ဝင်စားမှုရှိပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်ရန်**

အမှတ်(၃၈)၊ ဝေဠုလမ်း(အောက်)၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဦးသူရဟန် (အတွင်းရေးမှူး) ၀၉-၂၅၀၂၅၉၂၂၂၊ ၀၉-၉၇၆၂၈၆၇၃၆
ဦးခင်မောင်ကြည် (ဖွဲ့အဖွဲ့မှူး) ၀၉-၇၇၈၈၃၈၈၆၄၊ ၀၉-၉၇၁၁၆၁၈၃၅
ဦးစိုးလှိုင် (ဖွဲ့အဖွဲ့မှူး၏လက်ထောက်) ၀၉-၇၇၄၈၉၆၉၀၂၊ ၀၉-၄၅၈၁၃၉၉၇၅
ဒေါ်တင်တာလင်း(ဌာနမှူး) ၀၉-၉၆၀၈၀၄၉၅၂
ဒေါ်ရွှေရွှေဝင်း (ဌာနမှူး) ၀၉-၉၆၀၈၀၄၉၈၁
ဒေါ်ဝေမွန်သိန်း (ဌာနမှူး) ၀၉-၇၃၂၃၀၀၄၃

Automatic Compressor Controller
(တွန်ဖရက်ဆာ အလိုအလျောက် ထိန်းချုပ်မောင်းနှင်စက်)
Auto ELECTRICAL & ELECTRONIC PRODUCTS
ရေအတွက်ဆို Auto ပိုတယ်။
အာမခံ (တစ်နှစ်)
Single / Three Phase
အမှတ်(၂၇၄)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
web : autoproductmm.com ; autoelectronicproducts.com

ကောင်းမြတ်
ယာဉ်မောင်းသင်တန်း
ဖုန်း - ၀၉ ၉၇၃၇၄၈၀၄၉

မကြွေသောပန်း
အသင့်ပြင် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09-258022220
09-250499979
09-73209992
09-254449533

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

ခိုင်ခံ့သေသပ်လှပရေးနှင့်ချိသောသော......
လူနေအိမ်များ၊ စက်ရုံများ၊ ရုံးခန်းများ၊ ဂိုဒေါင်များနှင့် အမိုးအကာ၊ဖြည့်စွက်အိမ်များကို Steel Structure ဖြင့်ရေ မီး၊ဆေးအစုံပါဝင်ပြီးဈေးနှုန်းချိုသာစွာ ဆောက်လုပ်ပေးနေပါပြီ။
PTG (Yangon) Co.,Ltd 09-794237423, 09784333367

မှတ်ပုံ ACADEMY တင်ပြီး
တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး
အကယ်ဒမီ
အိမ်မှာအဆိုက်တွေ ဖြိုလိုက်ပြီ
ကြွေပြားရိုး၊ချွတ်ဆေးကိုသုံးပါ
အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
Tel : 95-1-374797, 384944, 254146, 385858, 242726
Email : academychemicalburma@gmail.com, VIBER - 09-250 150 990



virosava® Brightening BB Balm
FDA ထောက်ခံချက်အမှတ် - 1309 PC 0021



Apple Production Co., Ltd : 09 428618081, 09 429316408

















သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# ကြော်ငြာ


**ရှေ့လမ်းခရီး** ... 095124678,09401589907

**ယမင်းသူ**
စီးပွားရေးအကြံပေးနှင့်
မြို့တွင်း၊ မြို့ပြင် လျှော့ဈေးဖြင့်
ကားငှားရမ်းနိုင်ပါသည်။
09 5174914, 09 5136421

**သုံးရာသီ** ဖွင့်ပြီ
☎ 420144148, 421153797



# ပညာချွန်
တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်
ကျောင်းသား/သူများအတွက်
ရေးသားသူ **ဦးစိန်ဝင်း**
အမြန်ဆုံး ၁၁ တန်း၊ တက္ကသိုလ်ဝင်တန်း၊
**ESSAYS & LETTERS ရေးနည်း**
VOLUME-I
**GRAMMAR** အခွင့်အရေး
အလွယ်တကူရယူနည်း
**လျှို့ဝှက်ချက်များ**
ပညာချွန်စာအုပ်တိုက်
အမြို့မြို့အနယ်နယ်မှ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
အမှတ်(၂၂၀)၊ အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-253 143၊ 01-9190402၊ 09-5136746၊ 09-455160150

# ကုံးကောက်ရိုက် အင်္ဂလိပ်မေးခွန်း [၅၁] စုံ
၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်ဆေးခဲ့သော မေးခွန်းဟောင်းနှင့်စံပြအဖြေများ

စာမေးပွဲမေးခွန်းများကို အခန်းတစ်ခုချင်းစီအလိုက် စုစည်းပြီး တိကျရှင်းလင်းသော အဖြေများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။

| | |
|---|---|
| မြန်မာစာ | ဦးထွန်းသန်း (ပါမောက္ခ-ငြိမ်း) |
| အင်္ဂလိပ်စာ | UTA (ရန်ကုန်တက္ကသိုလ်) |
| သင်္ချာ | Dr.TW(Maths.) |
| ဓာတုဗေဒ | ဒေါက်တာမမြင့် (ရန်ကုန်တက္ကသိုလ်) |
| သမိုင်း | ခင်စုမေ (သမိုင်းဌာန) |
| ဇီဝ | ဒေါက်တာနီ |

**Student's Review**
အင်္ဂလိပ်မေးခွန်း ၂၀၁၅/ ၂၀၁၆/ ၂၀၁၇ ခုနှစ်
ပြည်နယ်နှင့်တိုင်းဒေသကြီး (၁၇)ခုတွင် စစ်ဆေးခဲ့သောမေးခွန်း (၅၁)စုံ
အင်္ဂလိပ်စာ မေးခွန်းဟောင်း(မေးခွန်းပုံစံ) နှင့် အဖြေများ UTA (ရန်ကုန်တက္ကသိုလ်)
သင်္ချာ မေးခွန်းဟောင်း(မေးခွန်းပုံစံ) နှင့် အဖြေများ Dr.TW(Maths.)

# GUSTO COLLEGE
Our Partner
UNIVERSITY OF GLOUCESTERSHIRE


UK တက္ကသိုလ်ပညာရေးလမ်းကြောင်းများနှင့် IT အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ပညာရေးဆွေးနွေးပွဲ



- တက္ကသိုလ်ဝင်တန်း/ IGCSE အောင်မြင်ထားသူများအတွက် UK ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်သော University of Gloucestershire (UK) မှ တိုက်ရိုက် ချီးမြှင့်သည့် BSc (Hons) Computing အကြောင်း
- တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသူများအတွက် Level 3 IT Diploma (UK) မှတဆင့် BSc (Hons) Computing ဘွဲ့ရသည်ထိ လျှောက်လှမ်းနိုင်သော ပညာရေးလမ်းကြောင်းများ
- မိမိအရည်အချင်းရှိသလောက် အမြင့်မားဆုံး အောင်မြင်မှုကို ရယူလိုသောလူငယ် များအတွက် စောင့်ကြိုနေသည့် ပြည်တွင်းပြည်ပ IT အလုပ်အကိုင် အခွင့်အလမ်းများ

| | |
|---|---|
| Date & Time | 6th Aug, 2017 (Sunday) 3:00 PM - 5:00 PM |
| Venue | Novotel Hotel (Mandalay room, 4th Floor) |

09 - 8628806 , 09 - 789 888 222



**သတိုးအောင်ဇေယျ ကွန်ပျူတာ**
Laptop (Core2) ... 80,000 ကျပ်ဖြင့် ...
Facebook တွင် Computer Market ...
အမှတ် 116၊ ...
01-250084, 09-976328256, 09-766903430, 09-444466681-82-83

dot
ဖုန်းငွေလက်ကျန် နည်းနေပြီလား?
အခုနားက Red dot ဆိုင်မှာ
အခုပဲ ငွေဖြည့်လိုက်ပါ
Telenor MEC MPT

**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့၊ လုပ်ငန်းပြောင်း ...
Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**အိမ်ခြံမြေ**
...
09-6809893
09-5120620

# DREAM ALUMINUM
Customer များရရှိမည့်အားသာချက်
လက်လီလက်ကားဝယ်ယူသူများရရှိမည့်အားသာချက်

- Euro System 45° ဒေါင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ဖော်ပြီးသောသပ်ရပ်ခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီး ဆေးရောင်ကွာကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသုံးပြုထားခြင်း။
- Slide System ပြေးလမ်းဆောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း။
- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများ ...
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း ...
- Frame ...
- Dream Frame ချောင်း၊ Acessories နှင့် ...
- ထုတ်လုပ်တပ်ဆင်မှုအတွက် Training ...
- ... Euro System Deram Aluminium နှင့် ...



Dream Aluminium မှ Marketing ...



Frame နှင့် Acessories များကို လက်လီလက်ကားနှင့် ဝယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ 01-8604394, 09-263563664



JASMINE PALACE HOTEL
YANGON · MYANMAR
(၁ – ၈ – ၂၀၁၇) မှစ၍
JASMINE PALACE HOTEL YANGON
30% OFF
ကမ္ဘောဇဘဏ်ကတ်အသုံးပြုသူများ
အတွက် အထူးအစီအစဉ်
(အခန်းအမျိုးအစားအားလုံးအပါအဝင် စားသောက်ဆိုင်များနှင့်
Jasmine Spa အတွက်စံစားခွင့်ရှိပါသည်။)
KBZ BANK
MPU
VISA
JASMINE NGAPALI RESORT
(၁ – ၁၁ – ၂၀၁၇) မှစ၍
JASMINE NGAPALI RESORT
341 Pyay Road, Sanchaung Township, Yangon, Myanmar
Tel : +95 (1) 230 4402-03 , Fax : +95(1) 230 6398-99
For more information : info@jasminepalacehotel.com
For Reservation : rsvn1@jasminepalacehotel.com, rsvn2@jasminepalacehotel.com
www.jasminepalacehotel.com


ဩဂုတ် 5
မှာဟိုဟိုဒီဒီသွားမယ်ဆိုရင်
ဒီဘတ်စ်ကားတွေကိုစောင့်ပြီး
အခမဲ့စီးလိုက်ပါ။
YBS
AIR-CON BUS
Red Bull မှ ပြုလုပ်သော Bus Free Day မှာ
ဘတ်စ်ကား အခမဲ့စီးလိုက်ပါ။
ဩဂုတ်လ ( ၅ ) ရက်နေ့ အောက်ဖော်ပြပါ
ဘတ်စ်ကားများကို အခမဲ့စီးနင်းနိုင်မယ့်
အခွင့်အရေးကို လက်လွှတ်မခံနဲ့နော်။
အောက်ဖော်ပြပါ ယာဉ်များအတွင်းမှ RedBull စတစ်ကာ
ကပ်ထားသော ယာဉ်များအားလုံး အခမဲ့
၄
၇ ၂၁ ၂၂ ၂၃ ၃၁ ၃၄ ၃၆
၄၀ ၄၁ ၅၅ ၆၄ ၆၅ ၇၀ ၇၈
IMPORTED FROM THAILAND
KRATINGDAENG
RedBull
ENERGY DRINK
Red Bull Myanmar ကို Like လုပ်ခြင်းဖြင့်
https://www.facebook.com/redbullmyanmar/

# မြန်မာ့လက်ရွေးစင်အသင်း ကစားသမားသစ်များ အားဖြည့်

**ရန်ကုန် ဩဂုတ် ၃**

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုတတိယပွဲဖြစ်သည့် ကာဂျစ္စတန်အသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ကစားရန် လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ကစားသမားသစ်များ အားဖြည့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲအတွက် ပဏာမကစားသမား ၁၉ ဦးဖြင့် ဇူလိုင် ၂၂ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်ခဲ့သော်လည်း ဝါရင့်ကစားသမား ရန်ပိုင်သည် အသက်အရွယ်အရ လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့သောကြောင့် ကစားသမားသစ်များ အားဖြည့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၆ ခုနှစ်က မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရဖူးသည့် သီဟဇော်နှင့် ကောင်းဆက်နိုင်တို့ကို အားဖြည့်ရွေးချယ်ခဲ့ပြီး လက်ရှိတွင် ကစားသမား ၂၀ ဖြင့် လေ့ကျင့်လျက်ရှိသည်။ ကောင်းဆက်နိုင်သည် ၂၀၁၆ ဆူဇူကီးဖလား ပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်

**စာမျက်နှာ ၉ ကော်လံ ၄ သို့** ❒

# ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၂ ကစားသမားများလျှော့ချ

**ရန်ကုန် ဩဂုတ် ၃**

မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ပဏာမကစားသမားများ လျှော့ချခဲ့ပြီး ၂၃ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းအကြိုခြေစမ်းပွဲကစားခြင်းများ ပြီးဆုံးသွားပြီဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများသာ ပြုလုပ်သွားမည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ■


မြန်မာ ယူ-၂၂နှင့် Ryutsu တို့ နောက်ဆုံးခြေစမ်းခဲ့စဉ်။


မြန်မာ့ကျောက်မျက်ရတနာနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လှည့်လည်ကြည့်ရှုစဉ်။

# ပထမအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၃

**ပထမအကြိမ် မြန်မာ့ကျောက်မျက်ရတနာနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမမျက်နှာစာ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်သည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

# မိုင်ပေါင်း ၁၀၀၀ ကျော် တစ်ကိုယ်တော်လမ်းလျှောက်သူ မန္တလေးသို့ ပြန်လည်ရောက်ရှိ

**မန္တလေး ဩဂုတ် ၃**

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ အောင်နိုင်ရေး၊ သစ်တောများ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူငယ်များ မူးယစ်ဆေးကင်းရှင်းစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဇွန် ၁၂ ရက်မှစတင်၍ ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့အထိ အသွားအပြန် မိုင် ၁၀၀၀ ကို တစ်ကိုယ်တော်လမ်းလျှောက်ခဲ့သည့် ဦးကျော်ကျော်ဝင်း (ခ) ကိုစနေသည် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၀ × ၃၁)လမ်းကြား (၇၁) လမ်းရှိ ဗထူးအားကစားကွင်းသို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ထိုသို့ရောက်ရှိရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးဝေဇင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝမ်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်စိုး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻


ပြင်ဦးလွင်-ရန်ကုန် အသွားအပြန် တစ်ကိုယ်တော် လမ်းလျှောက်သူ ကိုစနေ။



